မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၃၈)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

၂၀၁၃ ခုနှစ်၊ မေ ၃၁ ရက်၊ သောကြာနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံလိုသူများရှိနေ

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မကြာမီအကောင်အထည်စတင်ဖော်နိုင်မည်

နေပြည်တော် မေ ၃၀

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံးရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ အစည်းအဝေးမှာ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးအတွက် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အစိုးရအဖွဲ့ဝန်ကြီးများ သိရှိရအောင် သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းပြရန် ဖြစ်ပါကြောင်း။

မိမိတို့လက်ထက်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် တိုင်းပြည်စီးပွားရေး သိသာစွာဖွံ့ဖြိုးတိုးတက်ရေးအတွက် သီလဝါရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန်၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်တို့ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော်လည်း ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ ပေါ်ပေါက်ရေးကိစ္စနှင့် စီးပွားရေးပိတ်ဆို့ထားမှုများ ဖြေလျှော့ရေးကိစ္စတို့ကို ကြိုးပမ်းဆောင်ရွက်နေရသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ နှေးကွေးတုံ့ဆိုင်းခဲ့ပါကြောင်း၊ ယင်းအတားအဆီးများကို ဖယ်ရှားနိုင်မှသာ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်သည့်အတွက်

စာမျက်နှာ ၃ ကော်လံ ၁ ▲

ယနေ့ မာတိကာ

မက္ကဆီကိုနိုင်ငံတောင်ပိုင်းသို့ ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ် စာ - ၄

အီရန်သမ္မတလောင်းများနဲ့ နိုင်ငံအနာဂတ်ပုံရိပ် စာ - ၅

ဆေးလိပ် ဆေးရွက်အန္တရာယ်၊ ပြည်သူအများ သတိပြုဖွယ် အရောင်းမြှင့်တင် ကြော်ငြာများ ဥပဒေဖြင့် တားမြစ်ထား (ဆောင်းပါး) စာ - ၆

စူပါလင်းယုန်တွေနဲ့ ကွန်ဖက်ဒရေးရှင်းဖလား စာ - ၁၃

ဖောက်လုပ်ရန်စီစဉ်နေသည့် မြန်မာ-အိန္ဒိယ မော်တော်ကားလမ်း

နေပြည်တော် မေ ၃၀

အိန္ဒိယနှင့် မြန်မာက အိမ်နီးချင်းနိုင်ငံများဖြစ်သည်။ နှစ်ပေါင်းရှည်ကြာစွာ ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူး ဆက်ဆံမှုများရှိခဲ့သည်။ နှစ်နိုင်ငံနယ်စပ်ဖြတ်ကုန်သွယ်မှုများ ရှိခဲ့ရာ ယခုအခါ ပိုမိုကုန်သွယ်နိုင်မှုနှင့် ခရီးသွားလာမှုများပြုလုပ်ရန် နှစ်နိုင်ငံချိတ်ဆက်သွားလာနိုင်သည့်မော်တော်ကားလမ်းသစ်ဖောက်လုပ်ရန် စီစဉ်လျက်ရှိနေပြီဖြစ်သည်။ ယင်းလမ်းမှာ ချင်းပြည်နယ်ပလက်ဝမှ မြန်မာ-အိန္ဒိယနယ်စပ်မြိတ်ဝအထိ ဖောက်လုပ်မည့်လမ်းဖြစ်သည်။

ယင်းလမ်းကို မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး အိန္ဒိယဘက်မှ ယခင်က အဆိုပြုထားသော ပလက်ဝမှ ကလက်ဝအထိ ရေကြောင်းလမ်း ပြုပြင်မည့်အစား မော်တော်ကားလမ်း ဖောက်လုပ်ရန် ပြန်လည် အဆိုပြုထားခဲ့ခြင်းဖြစ်သည်။

အဆိုပါလမ်းသည် ချင်းပြည်နယ် ပလက်ဝမှ ကလက်ဝ(စက်ပြစ်ပြင်)

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ

အထိ လမ်းပိုင်းနှင့်ကလက်ဝမှမြန်မာ-အိန္ဒိယနယ်စပ်မြိတ်ဝအထိ လမ်းပိုင်းတို့ကို တစ်ဆက်တည်းဖောက်လုပ်ရန် စီစဉ်နေခြင်းဖြစ်သည်။ အဆိုပါ

စာမျက်နှာ ၉ ကော်လံ ၁ ◆

မြန်မာ-အိန္ဒိယ ဆက်သွယ်သွားလာနိုင်သည့် ကလေး-တမူးလမ်းပိုင်း တစ်နေရာကို ဤသို့ တွေ့ရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်မှုဇုန်များ ဓာတ်အားပြန်လည် ဖြန့်ဖြူးပေး

ရန်ကုန် မေ ၃၀

၁-၆-၂၀၁၃ ရက်နေ့မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များအား အပိုင်းနှစ်ပိုင်းခွဲ၍ အပိုင်းတစ်ပိုင်းကို နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ ကျန်အပိုင်းတစ်ပိုင်းကို မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းနှင့် ခရိုင်/မြို့နယ်/ရပ်ကွက်များအတွင်းရှိ အသေးစားစက်မှုလက်မှု လုပ်ငန်းများအား အများပြည်သူဓာတ်အား အသုံးပြုချိန်ဖြစ်၍ လုပ်ငန်းဆောင်ရွက်မှု

စာမျက်နှာ ၉ ကော်လံ ၆ ●



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စေတနာနှင့်ပေါင်းစပ်က အောင်မြင်မှုရ

မြန်မာလူမျိုးတို့သည် ယဉ်ကျေးသိမ်မွေ့သည်။ ရိုးသားသောစိတ်ဓာတ်ရှိသည်။ စိတ်ထားနူးညံ့ပျော့ပျောင်းသူများဖြစ်သည်။ ရိုင်းပင်းကူညီတတ်သော စိတ်ထားရှိသည်။ ယင်းစိတ်ထားကို အလုပ်နှင့် ပေါင်းစပ်သည့်အခါ အောင်မြင်မှုတစ်ရပ်ကို ရရှိမည်ဖြစ်သည်။

အတ္တဟိတ၊ ပရဟိတနှစ်ဖြာရှိရာ ကိုယ့်အကျိုးဆောင်ရွက်ပြီး အများအကျိုးကိုလည်း ဆောင်ရွက်ရသည်။ အများအကျိုးကို ဆောင်ရွက်ခြင်းသည် အများအတွက် ကောင်းသောစေတနာထားခြင်းဖြစ်သည်။ အများအကျိုးအတွက် စေတနာ အရင်းခံနှင့်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတိုးတက်အောင်မြင်မည်ဖြစ်သည်။ မိမိ၏စေတနာကြောင့် စေတနာအကျိုးပေးကို တစ်ချိန်ချိန်တွင် ပြန်လည်ခံစားကြရသည်။ စေတနာ၏ တန်ဖိုးသည် တိုင်းတာနိုင်းဆ၍မရ၊ တန်ဖိုးဖြတ်၍မရ။

အလုပ်ဟူသမျှ ဂုဏ်ရှိစွ ဆိုစကားအရ မည်သည့်အလုပ်ကိုမဆို ရိုးသားစွာ လုပ်ကိုင်စားသောက်ပါက ဂုဏ်ယူစရာပင်ဖြစ်သည်။ အလုပ်လုပ်ကိုင်ရာတွင် ရိုးသားမှုနှင့် စေတနာအရင်းခံသည် အဓိကအကြောင်းဖြစ်သည်။ စေတနာမပါသော အလုပ်သည် အလုပ်မဖြစ်၊ အလုပ်ဖြစ်သော်လည်း အခက်အခဲအမျိုးမျိုးနှင့် တွေ့ရသည်။ ထို့ကြောင့် အလုပ်လုပ်ကိုင်ရာတွင် စေတနာမပါသောအလုပ်များသည် အကျိုးမဖြစ်ထွန်းပါ။

ယနေ့နိုင်ငံတော်က လမ်းများခင်းပေးခြင်း၊ တံတားများဆောက်ပေးခြင်း၊ ဆည်တမံများတည်ဆောက်ပေးခြင်း၊ ဆေးရုံ၊ ကျောင်းများတည်ဆောက်ပေးခြင်းသည် ပြည်သူများအတွက်ဖြစ်သည်။ ပြည်သူတို့၏ လူမှုစီးပွားဘဝ အဆင်ပြေစေရန်ဖြစ်သည်။

မကြာသောကာလက ဆိုင်ကလုန်းမုန်တိုင်း မဟာစင် မြန်မာနိုင်ငံအနောက်တောင်ဘက်သို့ ဗဟိုပြုပြီး မောင်တောမြို့အကြားမှ ကမ်းခြေကိုဖြတ်ကျော်ဝင်ရောက်လာမည်ဟု ခန့်မှန်းထားရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်၍ မုန်တိုင်းနှင့်လွတ်ကင်းမည့်နေရာ အမြင့်ပိုင်းနေရာများသို့ ကလေးသူငယ်များ၊ ကျန်းမာရေးမကောင်းသူများ၊ သက်ကြီးရွယ်အိုများကို နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများက ပြောင်းရွှေ့ပေးခဲ့သည်။ နိုင်ငံတော်၏ စေတနာ မေတ္တာ၊ ပြည်သူတို့၏ မေတ္တာထားမှုကြောင့်လားမသိ ကံအားလျော်စွာ မုန်တိုင်းမဟာစင်သည် မြန်မာနိုင်ငံသို့ ဖြတ်သန်းမှုမရှိခဲ့ပေ။

သောက်သုံးရေရှားပါးသည့် ဒေသများတွင် စေတနာရှင်တို့၏ စေတနာအရင်းခံဖြင့် ရေလှူခြင်း၊ စက်ရေတွင်းများတူးဖော်ပေးခြင်းတို့သည် အခက်အခဲတွေ့သူတို့ကို ကူညီစောင့်ရှောက်ခြင်းတစ်မျိုးပင် ဖြစ်သည်။ မီးဘေးအန္တရာယ် ကြုံတွေ့စဉ်တွင် တာဝန်အရမဟုတ်ဘဲ စေတနာနှင့်ပေါင်းစပ် ကူညီခြင်းများ၊ ပညာဗဟုသုတတိုးပွားရန် စာအုပ်လှူဒါန်းခြင်းများ သည် လက်ငင်းဘဝတွင်သာမက နောင်သံသရာတွင်ပါ အကျိုးခံစားကြရမည်ဖြစ်သည်။ ထို့ကြောင့်မည်သည့်အလုပ်ကိုမဆို တာဝန်အရ လုပ်ခြင်းထက် စိတ်ရင်းစေတနာနှင့် ပေါင်းစပ်ပြီး လုပ်ခြင်းသည် လုပ်ငန်းအတွက်သာမက လုပ်သူအတွက်ပါ တိုးတက်မှုများဖြင့် တစ်မူထူးခြား အောင်မြင်နေမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေများ ဆွေးနွေး

နေပြည်တော် မေ ၃၀

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ် Dong Guan မြို့ရှိ တိုင်ဝမ် အခြေစိုက် SMTET ၏ အစီအစဉ်ဖြင့် Association of Taiwan Investment Enterprises on the Mainland ၏ ဥက္ကဋ္ဌ Mr. Kuo Shan Hui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၉ ရက် နံနက် ၁၀ နာရီခွဲက Royal Nay Pyi Taw ဟိုတယ်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ ရေသယံဇာတ၊ မြေသယံဇာတများစွာရှိပြီး ရာသီဥတုမျှတသဖြင့် ရင်းနှီးမြှုပ်နှံမှု အကောင်းဆုံးပြုလုပ်ရန် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ ဓာတ်သတ္တုတူးဖော်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ အထည်ချုပ်လုပ်ငန်း၊ သစ်၊ ဝါး၊ ကြိမ် စသည့် ပရိဘောဂလုပ်ငန်း၊ Organic စိုက်ပျိုးရေးလုပ်ငန်း စသည့် လုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ကြောင်း၊ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပြီး သမဝါယမအသင်းများအား စက်မှုလက်မှုသမဝါယမအသင်း၊ ကုန်သွယ်မှု သမဝါယမအသင်း၊ Agro Base SME သမဝါယမအသင်း၊ ဝန်ဆောင်မှုသမဝါယမအသင်းနှင့် မွေးမြူရေး သမဝါယမ အသင်းများအဖြစ် အဆင့်မြှင့်တင်ရေးလုပ်ငန်း အခြေအနေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အသေးစားချေးငွေလုပ်ငန်းဆောင်ရွက်မှု အခြေအနေများတွင်လည်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(ဝဲပုံ) (သတင်းစဉ်)

နဂါးပွက်တောင်တော်နှင့် မသင့်လျော်သည့် ယမကာဆိုင်ခန်းများ

ထင်သာမြင်သာ ပြုပြင်စရာ

မကွေး မေ ၃၀

မင်းဘူးမြို့ မင်းဘူး-ကျောက်တန်းကားလမ်းနံဘေးရှိ နဂါးပွက်တောင်တော်သည် မြန်မာနိုင်ငံ၏ ထူးခြားထင်ရှားသော ဌာနတစ်ခုဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း မင်းဘူး စက္ကိန်းတဲဘုရား၊ ကျောင်းတော်ရာဘုရား၊ မန်းရွှေစက်တော်ဘုရားဖူးများသည် ထူးခြားဆန်းကြယ်သည့် နဂါးပွက်တောင်တော်သို့ လေ့လာကြည့်ရှုလေ့ရှိသည်။ ထို့အပြင် နိုင်ငံခြားသားခရီးသွားများလည်း မကြာခဏလာရောက်၍ သုတေသနပြုသောနေရာလည်းဖြစ်သည်။

နဂါးပွက်တောင်တော်၌ နဂါးပွက်တောင်ဘုရားလည်း တည်ရှိရာ သာသနာ့နယ်မြေ၏ အရှိန်အဝါကို သေးသိမ်မှေးမှိန် ညှိုးနွမ်းစေသော ကိစ္စမှာ နဂါးပွက်တောင်ဘုရားမုခ်ဦး၏ မျက်နှာချင်းဆိုင်တည့်တည့် နေရာတွင် အရက်ဆိုင်လေးများ ဖွင့်လှစ်ရောင်းချခွင့် ပြုခြင်းပင်ဖြစ်သည်။ ထိုအရက်ဆိုင်များ ရှိနေခြင်းကြောင့် ဘုရားဖူးမိဘပြည်သူများ စိတ်အနှောင့်အယှက်များစွာ ကြုံရပြီး မကြာခဏ ပြဿနာတက်လေ့ရှိကြောင်း၊ အရက်မူးသမားများကြောင့် အမျိုးသမီးဘုရားဖူးများ စိတ်ညှိုးနွမ်းမှုဖြစ်ရကြောင်း သိရသည်။

နိုင်ငံခြားသား ခရီးသွားများ၏ အမြင်၌လည်း ဗုဒ္ဓသာသနာကို အထင်သေးစေမည့် ကိစ္စရပ်များဖြစ်ပေါ်မည်ကိုလည်း စိုးရိမ်ရပါသဖြင့် သာသနာ့နယ်မြေနှင့် လုံးဝမအပ်စပ်သည့် နဂါးပွက်တောင်ဘုရားမုခ်ဦး၏ မျက်နှာချင်းဆိုင်မှ အရက်ဆိုင်ခန်းများကို အခြားနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်စေလိုကြောင်း ဒေသခံများက လိုလားလျက်ရှိသည်။

ပိုင်ဇေ(မကွေး)

အမြို့မြို့ အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ



ပြည်တွင်းသတင်း

▲ ရှေ့ဖုံးမှ

နှစ်နှစ်တာကာလကျော်သည်အထိ EU နိုင်ငံများမှ စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားနိုင်အောင် ဆောင်ရွက်ခဲ့ရသည့်အပြင် အမေရိကန်အစိုးရ၏ ဖြေလျှော့ပေးမှုများကိုလည်း သံတမန်ဆက်ဆံရေးနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါကြောင်း။

ယခုအခါ ယင်းအတားအဆီးများ အတော်များများ ဖယ်ရှားနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ကမ္ဘာ့ဘဏ်၊ ADB၊ ODA ချေးငွေသစ်များနှင့် ထောက်ပံ့ငွေများ ရရှိရေးအတွက် ကြွေးဟောင်းများ လျှော်ပစ်ခြင်း၊ ပြန်ဆပ်ခြင်းလုပ်ငန်းများကိုလည်း ပဲရစ်ကလပ်ဝင်နိုင်ငံများနှင့် အောင်မြင်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများနှင့် ထောက်ပံ့ငွေများလည်း ရရှိစပြုနေပြီ ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် စီးပွားရေးထူထောင်ရန်အတွက် အရင်းအနှီးနှင့် နည်းပညာလိုအပ်ချက်များ ရှိနေသည့်အပြင် လူ့စွမ်းအားအရင်းအမြစ်များလည်း လိုအပ်နေဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြားအရင်းအနှီးများကို ဖိတ်ခေါ်ရခြင်းဖြစ်ပါကြောင်း၊ ပြည်ပမှ ဝင်ရောက်ရင်းနှီးကြသည့်အခါ အကျိုးရှိသကဲ့သို့ အန္တရာယ်များလည်း ရှိလာနိုင်သည့်အတွက် အန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရန် မူဝါဒ(၄)ရပ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ၂၀၁၅ ခုနှစ်တွင် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ(ASEAN Free Trade Area) ဖြစ်ပေါ်လာသည့်အခါ ဖွံ့ဖြိုးနေသော အာဆီယံနိုင်ငံအချို့နှင့် ဖွံ့ဖြိုးပြီး နိုင်ငံကြီးအချို့မှ ကုန်ပစ္စည်းတွေ ဝင်ရောက်လာတော့မည်ဖြစ်ပါကြောင်း၊ ယင်းစီးဝင်လာမည့် ကုန်ပစ္စည်းများကို တားဆီးနိုင်ရန်အတွက် အရည်အသွေးကောင်းပြီး ဈေးနှုန်းသက်သာသည့် ကုန်ပစ္စည်းများကို မိမိတို့နိုင်ငံတွင် အလျှံအပယ်ထုတ်လုပ်နိုင်မှသာ ပြည်ပမှ ဝင်ရောက်လာမည့် ကုန်ပစ္စည်းများကို ခုခံတားဆီးနိုင်မည် ဖြစ်ပါကြောင်း။

အရည်အချင်းကောင်းသည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်နှင့် ဈေးသက်သာစွာထုတ်လုပ်နိုင်ရန်အတွက် ပြည်ပအရင်းအနှီး၊ ပြည်ပနည်းပညာများနှင့် ပူးပေါင်းပြီးလုပ်မှသာ ဖြစ်နိုင်မည်ဖြစ်သည့်အတွက် ဖက်စပ်လုပ်ငန်း၊ ရှယ်ယာထည့်ဝင်သည့်လုပ်ငန်း၊ အများပိုင်လုပ်ငန်းများကို ကုန်ထုတ်လုပ်ငန်းများတွင် မိမိတို့နိုင်ငံသားများ ပူးပေါင်းပြီး တွင်တွင်ကျယ်ကျယ် လုပ်ကြရမည် ဖြစ်ပါကြောင်း။

သီလဝါရေနက်ဆိပ်ကမ်းနှင့် အထူးစက်မှုဇုန်တည်ဆောက်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းများသည် ယခင်အစိုးရလက်ထက်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း မိမိအထက်က ပြောခဲ့သကဲ့သို့ အခက်အခဲ၊ အဟန့်အတားများကြောင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း။

ယခု မိမိတို့အစိုးရလက်ထက်တွင် အကောင်အထည်ဖော်နိုင်သည့် အခွင့်အလမ်းများ ရှိနေပြီဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန်အတွက် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံလိုသူများ ရှိနေပြီဖြစ်ပါကြောင်း၊ မကြာမီ အကောင်အထည်စတင်ဖော်နိုင်မည် ဖြစ်ပါကြောင်း။

ယခု ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်မှာ ၂၀၀၈ ခုနှစ်ကတည်းက ထိုင်းနိုင်ငံနှင့် MOU ထိုးခဲ့သောကိစ္စဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ၂၀၁၀ ပြည့်နှစ်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ထိုင်းနိုင်ငံမှ အီတာလျံထိုင်းကုမ္ပဏီတို့ မူဘောင်သဘောတူစာချုပ် (Framework Agreement)ကို ထပ်မံ၍ လက်မှတ်ထိုးခဲ့ပါကြောင်း၊ သို့သော်လည်း ယင်းကုမ္ပဏီအနေဖြင့် လုပ်ကိုင်နိုင်စွမ်းနည်းပါးသည့်အတွက် ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ထိုင်းအစိုးရပါဝင်လာပြီး မြန်မာအစိုးရနှင့် ထိုင်းအစိုးရအဖွဲ့တို့ ဤလုပ်ငန်းကို ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် သဘောတူခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းဖြစ်မြောက်ရေးအတွက် မိမိနှင့် ထိုင်းဝန်ကြီးချုပ်တို့ အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းခဲ့ကြပါကြောင်း။

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေးကို နိုင်ငံတော်သမ္မတရုံးရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယခုအချိန်တွင် ထားဝယ်အထူးစီးပွားရေးဇုန် ဖော်ဆောင်နိုင်ရေးအတွက် ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံဘက်မှ ဒုတိယသမ္မတ(၂) ဦးဆောင်သည့် အဆင့်မြင့်ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ထိုင်းနိုင်ငံဘက်မှ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော အဆင့်မြင့်အဖွဲ့တို့ပူးပေါင်း၍ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ကာ ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်သူများမှ လုပ်ငန်းလုပ်ဆောင်မှုများကို ရှင်းပြကြမည်ဖြစ်ပါကြောင်း။

ယင်းလုပ်ငန်းမှာ ငွေကြေးလိုအပ်ချက်များ ရှိနေသည့်အတွက် ဂျပန်ကုမ္ပဏီများ ပါဝင်ရင်းနှီးမြှုပ်နှံရန် အစိုးရအချင်းချင်း ညှိနှိုင်းမှုများလည်း ပြုလုပ်နေပါကြောင်း၊ ထိုင်းဝန်ကြီးချုပ်အနေဖြင့် ဂျပန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံပြောကြားခဲ့ပြီးဖြစ်သကဲ့သို့ မိမိအနေဖြင့်လည်း မကြာခင်ရက်ပိုင်းအတွင်းက ဂျပန်ဝန်ကြီးချုပ်ခရီးစဉ်တွင် ဂျပန်ဝန်ကြီးချုပ်အား တွေ့ဆုံပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ယင်းလုပ်ငန်းတွင် စိတ်ဝင်စားမှု ရှိလာသည့်အတွက် မကြာမီကာလအတွင်း ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာလိမ့်မည်ဟု မျှော်လင့်ရပါကြောင်း။

မိမိတို့နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ယင်းထားဝယ်အထူးစီးပွားရေးဇုန်အောင်မြင်ရေးအတွက် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ယခုလည်း ဆက်စပ်လုပ်ငန်းများ အကောင်အထည် အမြန်ဆုံးဖော်နိုင်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်းပြီး လိုအပ်သောအဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက ထားဝယ်အထူးစီးပွားရေးဇုန်သည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာကို ကုန်းတွင်းတံတားထိုးပေးထားသည့် မဟာမဲခေါင်ဒေသခွဲ တောင်ပိုင်းစီးပွားရေးစင်္ကြံများ၏ အနောက်ဘက်မုခ်ဦး ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံအတွက်ရော၊ ဒေသတွင်းနိုင်ငံများအတွက်ပါ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် ဆောင်ကြဉ်းပေးနိုင်မည့် အလားအလာကောင်းများရှိသည့်အတွက် ထိုင်းနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရင်းနှီးမြှုပ်နှံမည့် အခြားနိုင်ငံများကိုပါ ဖိတ်ခေါ်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအဆင့်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက် အကောင်အထည်ဖော်ရေးအတွက် ချုပ်ဆိုရမည့် စာချုပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် စီမံကိန်းလုပ်ငန်းများမှာ လုပ်ဆောင်ရမည့် လုပ်ငန်းပမာဏကြီးမားသဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဝန်ကြီးဌာနအသီးသီးအနေဖြင့် ဆက်စပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်ပါက ပြည်ပမှအကြံပေးပညာရှင်များ ငှားရမ်းဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ လုပ်ငန်းဆိုင်ရာ စာချုပ်များချုပ်ဆိုရာတွင် နိုင်ငံတကာဥပဒေနှင့်ကိုက်ညီမှုရှိအောင် စိစစ်ဆောင်ရွက်ရန် ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

အကောက်ခွန်ဦးစီးဌာန
ဈေးပြိုင်စနစ်ဖြင့် လေလံထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိသောပစ္စည်းများအား လေလံအတွဲ(၃)တွဲနှင့် Mobile Team(2)မှ ဖမ်းဆီးရမိသော ပစ္စည်းများအား လေလံအတွဲ(၂)တွဲ၊ စုစုပေါင်း လေလံအတွဲ(၅)တွဲအား အောက်ပါအစီအစဉ်တိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင် လေလံဆွဲဝယ်ယူရန် အသိပေးကြေညာအပ်ပါသည်။

(က) ပစ္စည်းအမျိုးအမည် - လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများနှင့် မော်တော်ယာဉ်သုံး အပိုပစ္စည်းများ လေလံအတွဲ (၅)တွဲ

(ခ) နေ့ရက်/အချိန် - ၅-၆-၂၀၁၂ရက် ၁၃:၀၀နာရီ

(ဂ) နေရာ - အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း (ယခင် မြန်မာ့သစ်လုပ်ငန်းပင်မပစ္စည်းဌာနဝင်း)အတွင်းရှိ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ

(ဃ) လေလံပုံစံရောင်းချခြင်း - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းများ) တစ်စုံလျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ၃-၆-၂၀၁၂ရက်နှင့် ၄-၆-၂၀၁၂ရက်တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများ လေလံပစ္စည်းစာရင်းနှင့် လေလံစည်းကမ်းချက် ဝယ်ယူလိုသူများသည် အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း(ယခင် မြန်မာ့သစ်လုပ်ငန်းပင်မပစ္စည်းဌာနဝင်း)အတွင်းရှိ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲသို့ လာရောက်မေးမြန်း ဝယ်ယူနိုင်ပါသည်။

အတွင်းရေးမှူး
လေလံတင်ရောင်းချရေးအဖွဲ့
အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် စောမျိုးမင်းထွန်း ၃/ဘအန(နိုင်)၂၃၃၇၉၈၏ Passport No.920826 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၄၂၅၂၉၄၂၈၃

အမည်ပြောင်း

ဇမ္ဗူသီရိမြို့နယ်၊ မြို့မဈေး၊ (ပ-၁၅၇)နေ ဦးခင်မောင်သန်း၏သား မောင်မြတ်သောမောင်အား မောင်မင်းသန့်ဟိဏ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်မင်းသန့်ဟိဏ်း

ဖခင်အမည်မှန်

ဥတ္တရသီရိမြို့နယ်၊ အထက(ခွဲ)ငန်းစပ်၊ ပဥ္စမတန်းအောင်မှ မောင်ပိုင်ဖြိုးဇော်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦးဖြစ်ပါကြောင်း။

ဖခင်-ဦးနိုင်ဦး

CHERY QQ3
ဝယ်လိုသည်

ဖုန်း-၀၉-၇၃၀၉၁၆၆၁

နိုင်ငံတကာသတင်း

ထိုင်းဝန်ကြီးချုပ် သီရိလင်္ကာနှင့် မော်လ်ဒိုက်နိုင်ငံများသို့ ခရီးထွက်မည်

ဗန်ကောက် မေ ၃၀

ထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်ထရာသည် သီရိလင်္ကာနှင့် မော်လ်ဒိုက်နိုင်ငံများသို့ မေ ၃၁ ရက် မှ ဇွန် ၂ ရက်အထိ ချစ်ကြည်ရေးအလည်အပတ် ခရီးစဉ်သွားရောက်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖော်ပြထား

ထိုင်းဝန်ကြီးချုပ်သည် အဆိုပါနိုင်ငံများသို့ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ ဆောက်လုပ်ရေး၊ စက်မှုလုပ်ငန်းများနှင့် ပတ်သက်သော ကိစ္စရပ်များကို ယင်းနိုင်ငံများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ခရီးထွက်မည်ဖြစ်သည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော သတင်း၌ ဖော်ပြထားသည်။

ထိုင်းဝန်ကြီးချုပ်သည် မေ ၃၁ ရက်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ အလည်အပတ်ခရီးအဖြစ် သွားရောက်မည်ဖြစ်ပြီး သီရိလင်္ကာသမ္မတ မဟင်ဒါရာဂျာပက်ဆာနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ထို့အပြင် သီရိလင်္ကာ ပါလီမန်၌ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

ထိုင်းဝန်ကြီးချုပ်သည် ဇွန် ၁ ရက်၌ မော်လ်ဒိုက်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ မော်လ်ဒိုက်နိုင်ငံ၌ သမ္မတ ဝါဟက်ဟာဆင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ထိုင်းဝန်ကြီးချုပ်ယင်လပ်သည် ၃၆ နှစ်တာကာလအတွင်း ထိုင်းဝန်ကြီးချုပ်တစ်ဦးအနေဖြင့် မော်လ်ဒိုက်နိုင်ငံသို့ ပထမဆုံးချစ်ကြည်ရေး ခရီးစဉ်ရောက်ရှိခြင်းဖြစ်သည်။

ထိုင်းဝန်ကြီးချုပ်နှင့် မော်လ်ဒိုက်သမ္မတတို့သည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်ပြီး အပြန်အလှန်တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ ထိုင်းဝန်ကြီးချုပ်၏ ယခုခရီးစဉ်သည် ထိုင်းနှင့်မော်လ်ဒိုက်နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ဆက်ဆံမှုများ တိုးမြှင့်ဖြစ်ထွန်းလာစေမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

(ဆင်ဟွာ)

မက္ကဆီကိုနိုင်ငံတောင်ပိုင်းသို့ ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်

မက္ကဆီကိုစီးတီး မေ ၃၀

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ချီရာပက်စ်ပြည်နယ် ပစိဖိတ်ကမ်းရိုးတန်းဒေသသို့ မေ ၂၉ရက်က ဘာဘရာအမည်ရှိ ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အမေရိကန်ဟာရီကိန်းဌာနက မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘာဘရာ ဟာရီကိန်းမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀နှုန်းဖြင့် တိုက်ခတ်ခဲ့ကြောင်း ချီရာပက်စ်ပြည်နယ် တိုနာလာမြို့အနောက်ဘက်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဟာရီကိန်းဌာနမှ ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

ဘာဘရာ ဟာရီကိန်းမုန်တိုင်းသည် ချီရာပက်စ်ပြည်နယ် တိုနာလာမြို့အနောက်ဘက်သို့ မေ ၂၉ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခန့်က ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းမုန်တိုင်းသည် အရှေ့မြောက်ပိုင်းသို့ တစ်နာရီလျှင် ၁၇ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားသွားခဲ့ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

ဘာဘရာ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်ခြင်း၊ ရေလွှမ်းခြင်း၊ မြစ်ရေလျှံခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားခဲ့ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။ မက္ကဆီကိုနိုင်ငံသို့ နှစ်စဉ် နိုဝင်ဘာလ မတိုင်မီအထိ ဟာရီကိန်းရာသီတွင် ဟာရီကိန်းမုန်တိုင်း ၁၇ ခုခန့် ဝင်ရောက်တိုက်ခတ်လေ့ရှိကြောင်း သိရသည်။ (ဆင်ဟွာ)

ဂျေရုဆလင် မေ ၃၀

လာမည့်ဆယ်စုနှစ်အတွင်းအရှေ့အလယ်ပိုင်းသို့ နှစ်စဉ်ပြည်ပခရီးသည် ၁၀ သန်းအထိ လာရောက်ရန်ရည်မှန်းချက်တစ်ရပ်ကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက မေ ၂၉ ရက်က ဖွင့်ဟပြောကြားခဲ့သည်။ ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း ခရီးသည်အရေအတွက်သည် တစ်နှစ်လျှင် ၁ ဒသမ ၅သန်းမှ ၃ သန်းအထိ နှစ်ဆမြင့်တက်လာကြောင်း၊ နောက်တစ်ကြိမ်တွင် ယခုခရီးသည်အရေအတွက်၏နှစ်ဆအထိ ဆက်လက်တိုးတက်လာရန် လိုအပ်ကြောင်း မေ ၂၈ ရက်က ဂျေရုဆလင်မြို့၌ ဖွင့်လှစ်သည့် ဒုတိယအကြိမ် ဂျေရုဆလင်အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း ထိပ်သီးအစည်းအဝေးတွင် ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့ခြင်းဖြစ်သည်။

အစ္စရေးသို့ နှစ်စဉ် ပြည်ပခရီးသည် ၁၀ သန်းအထိ လာရောက်နိုင်

(ဆင်ဟွာ)

အရှေ့ဂျေရုဆလင်တွင် အစ္စရေးအစိုးရ တရားမဝင်နေအိမ်အလုံး ၁၀၀၀ ဆောက်လုပ်မည်

ဂျေရုဆလင် မေ ၃၀

အသိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေများတွင် အခြေချနေအိမ်များဆောက်လုပ်မှုအပေါ် နိုင်ငံတကာက ဝေဖန်ပြစ်တင်မှုပျံ့နှံ့နေလင့်ကစား အစ္စရေးအစိုးရသည် အရှေ့ဂျေရုဆလင်တွင် နေအိမ်အလုံး ၁၀၀၀ ဆောက်လုပ်ရန် စီစဉ်နေကြောင်း အစ္စရေးအင်န်ဂျီအိုအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

နိုင်ငံအရှေ့မြောက်ပိုင်း ရာမော့နယ်မြေသစ်တွင် နေအိမ်အလုံး ၃၀၀ ဆောက်လုပ်ရန် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးထားပြီး နိုင်ငံတောင်ပိုင်း ဂီလိုနယ်မြေသစ်တွင် အခြားမြေကွက် ၇၉၇ ကွက်ကိုလည်း ရောင်းချရန် ကမ်းလှမ်းထားကြောင်း ဂျေရုဆလင်ရှိ အစ္စရေးနေအိမ်ဆောက်လုပ်မှုလေ့လာစောင့်ကြည့်ရေးအဖွဲ့မှ ပြောကြားချက်ကို အေအက်ဖ်ပီသတင်းဌာနက ထုတ်ပြန်သည်။

ဂီလိုနယ်မြေသည် ဂျေရုဆလင်ရှိ အဓိကနေအိမ်ဆောက်လုပ်မှုနယ်မြေငါးခုအနက်မှ တစ်ခုဖြစ်ပြီး ၁၉၆၇ ခုနှစ်က ခြောက်ရက်ကြာစစ်ပွဲပြီးဆုံးပြီးနောက် အစ္စရေးအစိုးရက စတင်တူထောင်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးအစိုးရသည် ၂၀၁၂ ခုနှစ်အတွင်းတွင် ၎င်း၏နေအိမ်ဆောက်လုပ်မှုအတွက် သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်းတို့၏ နယ်မြေ ၁၉၇၇ ဧက ကို သိမ်းယူပြီးနောက် အဆိုပါထုတ်ပြန်ချက်အသစ် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

(ပရက်စ်တီဗွီ)

အရှေ့ဂျေရုဆလင်ရှိ ဟာဟိုမာနယ်မြေသစ်တွင် အလုပ်သမားများနေအိမ်သစ်တစ်လုံး ဆောက်လုပ်နေစဉ်။

နီကာရာဂွါ၌ ဆူနာမီကြိုတင်သတိပေးမှုစနစ် စမ်းသပ်လေ့ကျင့်

မာနာဂွါ မေ ၃၀

နီကာရာဂွါနိုင်ငံတွင် ဆူနာမီကြိုတင်သတိပေးမှုစနစ်ကို စမ်းသပ်မှုပြုလုပ်မည်ဖြစ်ကြောင်း နီကာရာဂွါနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ တာဝန်ရှိသူများက မေ ၂၉ ရက်က ပြောကြားသည်။

နီကာရာဂွါနိုင်ငံ၏ ပစိဖိတ်ကမ်းရိုးတန်းဒေသ ၃၇၂ ကီလိုမီတာတစ်လျှောက်တွင် ဒေသခံပြည်သူ ၇၀၀၀၀ခန့်အတွက် အဆိုပါဆူနာမီကြိုတင်သတိပေးမှု စနစ်သည် အထောက်အကူပြုစေမည်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်ရေးဌာနမှ ဒါရိုက်တာဂန်ဇာလက်စ်က ပြောကြားသည်။

ဆူနာမီကြိုတင်သတိပေးမှုစနစ်ကို စမ်းသပ်ရာတွင် ဒေသခံပြည်သူများအား ကြိုတင်သတိပေးမှု၊ ဘေးကင်းရာရှောင်တိမ်းမှု၊ အသက်အန္တရာယ်ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ရန် အချက်များကိုလည်း လိုက်နာလေ့ကျင့်ကြရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထိုသို့ လက်တွေ့စမ်းသပ်ခြင်းဖြင့် ဆူနာမီကြိုတင်သတိပေးချက်စနစ်နှင့်အတူ လိုက်ပါဆောင်ရွက်နိုင်မှု အားသာချက် အားနည်းချက်များကိုသိရှိမြင်တွေ့နိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ စမ်းသပ်မှုကြောင့် ဆူနာမီရေလှိုင်းများမရိုက်ခတ်မီ ကြိုတင်ရှောင်တိမ်းမှုနှင့် ကာကွယ်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

ပါဝင်မည်

ဆူနာမီကြိုတင်သတိပေးမှုစနစ် စမ်းသပ်လေ့ကျင့်ရာတွင် ဒေသခံများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့ပြကာကွယ်ရေးအဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များလည်း ပါဝင်မည်ဖြစ်သည်။ (ဆင်ဟွာ)

ဗင်နီဇွဲလားနိုင်ငံတွင် H_1N_1 ရောဂါပိုးကြောင့် ငါးဦးသေဆုံး၊ ၂၃၆ ဦး ကူးစက်ခံရ

ကရာကတ်စ် မေ ၃၀

ဗင်နီဇွဲလားနိုင်ငံ၌ H_1N_1 ဗိုင်းရပ်ကြောင့် အနည်းဆုံးလူ ငါးဦးသေဆုံးခဲ့ပြီး ၂၃၆ ဦးရောဂါကူးစက်ခံနေရကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။ သေဆုံးသူ ငါးဦးတွင် နှစ်ဦးမှာ ဇူလီယာမြို့တွင် နေထိုင်သူဖြစ်ပြီး ကျန်နှစ်ဦးမှာ အရာဂူယာမြို့တွင် နေထိုင်သူများဖြစ်သည်။

တစ်ဦးမှာ လာရာတွင်နေထိုင်သူဖြစ်သည်ဟု မကြာသေးမီက ထုတ်ပြန်သော အစိုးရသတင်းတစ်ပုဒ်တွင် ပါရှိသည်။ H_1N_1 ကူးစက်ခံရမှုမှာ တစ်နိုင်ငံလုံးတွင် ပျံ့နှံ့နေပြီဖြစ်သော်လည်း မြို့တော်ကရာကတ်စ်တွင် ရောဂါဖြစ်ပွားသူ မတွေ့ရသေးဟု ဆိုသည်။ H_1N_1 ဗိုင်းရပ်စ်သည် ၂၀၀၉ နှင့် ၂၀၁၁ ခုနှစ်ကာလများကစပြီး ကမ္ဘာတစ်ဝန်း ပျံ့နှံ့နေခဲ့ရာ ဗင်နီဇွဲလားနိုင်ငံ၌မူ ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သည်ဟု ဆိုသည်။ (ဆင်ဟွာ)

အီရန်သမ္မတလောင်းများနဲ့ နိုင်ငံ့အနာဂတ်ပုံရိပ်

မောင်မဟာ

အီရန်သမ္မတရွေးကောက်ပွဲဟာ လာမယ့် ဇွန် ၁၄ ရက်မှာ ကျင်းပမှာဖြစ်တာမို့ တဖြည်းဖြည်းနဲ့ အချိန်နီးကပ်လာပြီဖြစ်ပါတယ်။ အီရန်သမ္မတအဖြစ် ရွေးချယ်ခံလိုက်ရတဲ့ အမည်စာရင်း ပေးသွင်းသူဦးရေ ရာနဲ့ချီပြီး ရှိနေတဲ့အထဲက သမ္မတလောင်း အရည်အချင်းနဲ့ ကိုက်ညီသူ ရှစ်ဦးကို နောက်ဆုံးဆန်ခါတင် ရွေးချယ်ထားပြီး ဖြစ်ပါတယ်။

အဲဒီသမ္မတလောင်းတွေအနက် လူကြိုက်များ ရေပန်းစားနေတဲ့ သမ္မတလောင်းကတော့ အီရန်နိုင်ငံခြားရေးဝန်ကြီးဟောင်း အလီအက်ဘာဗီလာယာတီဖြစ်ပါတယ်။ ဗီလာယာတီ အနေနဲ့ နိုင်ငံတကာအရေးကိစ္စတွေနဲ့ နိုင်ငံခြားရေးရာ မူဝါဒတွေကို နှံ့စပ်ကျွမ်းကျင်သူဖြစ်ပြီး အတွေ့အကြုံလည်းရှိသူ ဖြစ်ပါတယ်။

ဗီလာယာတီကတော့ သူဟာ သမ္မတအဖြစ်ရွေးချယ်ခံရရင် အီရန်နဲ့ နိုင်ငံတကာဆက်ဆံရေးတွေ ကောင်းမွန်အောင်ဆောင်ရွက်မှုတွေ လုပ်သွားမယ်လို့ ဆိုပါတယ်။ အီရန်နိုင်ငံကို နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပိုမိုထိတွေ့ ဆက်ဆံမှုတွေ ပြုလုပ်နိုင်ရေး ကြိုးစားသွားမှာဖြစ်ပြီး နယ်ပယ်ကဏ္ဍစုံမှာ တိုးတက်မှုရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်လို့လည်း ထုတ်ဖော်ပြောကြားနေပါတယ်။

ဒါ့အပြင် အီရန်နဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့လည်း ဆက်ဆံရေးကောင်းမွန်အောင် ကြိုးစားသွားမှာဖြစ်ပြီး ဒါဟာအရေးကြီးတဲ့ အချက်လည်းဖြစ်တယ်လို့ ဆိုနေပါတယ်။ အီရန်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒဟာ အရေးပါပြီး နိုင်ငံရဲ့ တိုးတက်မှုနဲ့ ဖွံ့ဖြိုးမှု ပုံရိပ်တွေကို ပြောင်းလဲဖန်တီးပေးနိုင်ပါတယ်လို့လည်း သမ္မတလောင်း ဗီလာယာတီက ပြောကြားနေပါတယ်။

နောက်ပြီး အီရန်နိုင်ငံဟာ စီးပွားရေးပြဿနာအချို့နဲ့ ရင်ဆိုင် ကြုံတွေ့နေရတာဟာ နိုင်ငံခြားရေး မူဝါဒကြောင့်ဖြစ်ပြီး အီရန်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကို ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ရမယ်လို့လည်း ဗီလာယာတီက သုံးသပ်ပြောကြားနေပါတယ်။

ဒါပေမယ့် **အီရန်နိုင်ငံရဲ့ နျူကလီးယားအစီအစဉ်ကိုတော့ အီရန်ရဲ့ အခွင့်အရေးတစ်ရပ်အဖြစ် ဆက်လက်လုပ်ကိုင်သွားမယ်လို့ ဆိုပါတယ်။** အီရန်ဟာ နျူကလီးယားကို ငြိမ်းချမ်းစွာ အသုံးပြုနိုင်ဖို့အတွက် အခြားကမ္ဘာ့နိုင်ငံတွေလို အခွင့်အရေးရှိတယ်လို့ အခိုင်အမာပြောကြားနေပါတယ်။

ဒါကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံနဲ့ ဂျာမနီနိုင်ငံတို့ပါဝင်တဲ့ P5+1 နဲ့ နျူကလီးယားကိစ္စကို အီရန်က ဆွေးနွေးမှုတွေ အောင်မြင်အောင် ပြုလုပ်သွားဖို့လည်း အစီအစဉ်ရှိနေတယ်လို့ ဆိုပါတယ်။ အီရန်သမ္မတလောင်းတစ်ဦးဖြစ်တဲ့ မိုဟာမက်ရီဇာအာရက်ဖ်ကလည်း အီရန်ရဲ့ နျူကလီးယားအစီအစဉ်ဟာ ရပ်တန့် ရပ်ဆိုင်းရမယ့်ကိစ္စမဟုတ်ကြောင်း၊ အီရန်ပြည်သူတွေ အကျိုးစီးပွားအတွက် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားနေပါတယ်။

ရီဇာအာရက်ဖ်ဟာ အီရန်သမ္မတမိုဟာမက်ခါတာမီလက်ထက်မှာ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပါတယ်။ သူကလည်း အီရန်ရဲ့နိုင်ငံခြားဆက်ဆံရေး တိုးတက်ကောင်းမွန်ဖို့အပြင် အီရန်ရဲ့ မိတ်ဆွေနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးတက်ဖြစ်ထွန်းစေဖို့ ကြိုးစားလုပ်ကိုင်သွားမယ်လို့ ဆိုနေပါတယ်။

ဒါ့အပြင် **အခြားအီရန်သမ္မတလောင်းတွေကလည်း အီရန်ရဲ့ နျူကလီးယားအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဖို့ စိတ်အားထက်သန်သူတွေချည်း ဖြစ်နေပါတယ်။** ရေနံအပေါ် အမှီသဟဲပြုတဲ့ စီးပွားရေးပုံစံကို ပြောင်းလဲဖို့တော့ အချို့သမ္မတလောင်းတွေမှာ ဆန္ဒရှိနေကြပါတယ်။

လူဦးရေ ၇၀ ဒသမ ၅ သန်းခန့်ရှိနေတဲ့ အီရန်ပြည်သူတွေဟာ နိုင်ငံတစ်ဝန်းမှာရှိတဲ့ မဲရုံပေါင်း ၂၈၅ ရုံမှာ မဲပုံးပေါင်း ၁၃၀၀၀၀ အတွင်းသို့ သူတို့ရဲ့ ဆန္ဒမဲတွေထည့်ကာ ရွေးချယ်ကြတော့မှာ ဖြစ်ပါတယ်။ အဲဒီလို ဆန္ဒပြုရွေးချယ်ပေးပြီး ထွက်ပေါ်လာတဲ့ အီရန်သမ္မတဟာ အီရန်နိုင်ငံရဲ့ နိုင်ငံခြားရေး၊ နျူကလီးယားအရေးနဲ့ စီးပွားရေးတွေကို ဘယ်လောက်အထိ ပြုပြင်ပြောင်းလဲသွားနိုင်မယ်ဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ရှေ့တန်းရောက်စစ်သည်များ၏ သားသမီးများ စိတ်ဓာတ်ကျဆင်းမှု ကြုံတွေ့ရဟုဆို

စစ်မှုထမ်းမိဘများ ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေရချိန်များတွင် ၄င်းတို့၏ သားသမီးများတွင် စိတ်ဓာတ်ကျဆင်းမှုများ ဖြစ်ပေါ်ကြောင်း သုတေသနအဖွဲ့တစ်ဖွဲ့က ဆိုသည်။

မိခင်၊ ဖခင်တို့၏ အမှုထမ်းကာလတွင် ကလေးငယ်များ၏ စိတ်ခံစားချက်၊ လူမှုဆက်ဆံရေးနှင့် အပြုအမူများတွင် ပြဿနာများ ဖြစ်စေနိုင်မှုမြင့်မားကြောင်း ဆေးပညာရှင်အဖွဲ့က Pediatries ဂျာနယ်တွင် ရေးသားဖော်ပြသည်။

American Academy of Pediatries(AAP) မှ ပညာရှင်များက ဆောင်းပါးရေးသား အကြံပြုရာတွင် ရှေ့တန်းရောက် စစ်သည်များ၏သားသမီးများအား ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုအပြည့်အဝပေးသင့်ကြောင်း ဆိုသည်။

လက်တွေ့တွင်လည်း စစ်မှုထမ်းဆဲ မိဘများ၏ သားသမီး ၅၀ ရာခိုင်နှုန်းသည် မိဘများ၏ စစ်မှုထမ်းကာလတစ်လျှောက် ဆေးဝါးစောင့်ရှောက်မှုပေးနေရသည်။

"ပြီးခဲ့တဲ့ ၁၀ နှစ်အတွင်းမှာ အမေရိကန်ကလေးငယ် နှစ်သန်းကျော်ဟာ သူတို့ရဲ့ မိသားစုဝင် ချစ်သူခင်သူတစ်ဦး စစ်မှုထမ်းရချိန်တွေမှာ ဝမ်းနည်းကြေကွဲမှုနဲ့ စိတ်ဓာတ်ကျဆင်းမှုတွေကို ခံစားတွေ့ကြုံနေကြရပါတယ်"ဟု AAP မှ ပညာရှင်တစ်ဦးဖြစ်သူ အီလန်ဒေးဗစ်က ဆိုသည်။

ကလေးတော်တော်များများက ပတ်ဝန်းကျင်နှင့် အသားတကျ နေထိုင်နိုင်ကြသော်လည်း မိဘများ စစ်မှုထမ်းချိန်တွင် ကလေးငယ်လေးများ၏ စိတ်တွင် ကြောက်ရွံ့မှုနှင့် ဝမ်းနည်းပူဆွေးမှုများ ကြီးထွားကြောင်း၊ မိသားစုရပ်တည်ရေးအတွက် ထိုအခြေအနေသည် အလွန်အရေးကြီးပြီး ကလေးများတွင် ယင်းခံစားမှုများမှ ကာကွယ်ရန်လိုအပ်ပါကြောင်း သုတေသနပညာရှင် ဒေးဗစ်က ဖြည့်စွက်ပြောကြားခဲ့သည်။

မောင်သံဆင့်-ရေးသည်

နိုင်ငံတကာသတင်း

တာလီဘန် ခေါင်းဆောင်တိုက်ခိုက်ခံရ၍သေဆုံး

အမေရိကန်တို့၏ သံသယရှိ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် ပါကစ္စတန်တာလီဘန် ဒုတိယခေါင်းဆောင် သေဆုံးသွားပြီဖြစ်ကြောင်း တာလီဘန်သတင်းရပ်ကွက်က ဘီဘီစီသို့ ပြောကြားသည်။ ပါကစ္စတန်တာလီဘန်ခေါင်းဆောင်များက ဝါလီယာရေးမန်း သေဆုံးမှုအတွက် တရားဝင်အတည်ပြုပြောဆိုခြင်းမရှိပေ။ စောစောပိုင်းက ယင်းတိုက်ခိုက်မှုအတွင်း တာလီဘန်တပ်မှူးတစ်ဦးသေဆုံးကြောင်း ပါကစ္စတန်လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။ မေ ၂၉ရက် စောစောပိုင်းက ပါကစ္စတန်အနောက်မြောက်ပိုင်း မာရန်ရှပ်အနီးနေအိမ်တစ်လုံးကို ဒုံးကျည်များ ထိမှန်ခဲ့သည်ဟုဆိုသည်။ ယင်းတိုက်ခိုက်မှုသည် သီတင်းပတ်ခြောက်ပတ်နီးပါးကြာကာလအတွင်း ပါကစ္စတန်တာလီဘန်များကို အမေရိကန်က ပထမဆုံးတိုက်ခိုက်ခြင်းဖြစ်သည်။

ဆီးရီးယားသို့ လက်နက်တင်ပို့မှုအီရန်ဝေဖန်

ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ် ပြုတ်ကျရေးအတွက် တိုက်ပွဲဝင်နေသော ဆီးရီးယားသူပုန်များကို လက်နက်များ တင်ပို့မှုတားမြစ်ရေးရုပ်သိမ်းလိုက်ခြင်းအပေါ် အီးယူအား အီရန်က ပြင်းပြင်းထန်ထန်ဝေဖန်လိုက်သည်။ ပြည်ပကျောထောက်နောက်ခံ တိုက်ခိုက်ရေးသမားများကို အီးယူက လက်နက်တင်ပို့မှု လက်ရှောင်လိုက်ပြီဖြစ်ကြောင်း၊ ယင်းအတွက် စိုးရိမ်ပူပန်မိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အလီအဘာဆလီဟီက မေ ၂၉ရက်က တီဟီရန်၌ ကျင်းပသော နိုင်ငံတကာသတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားသည်။

ဟစ်ဇ်ဘိုလာတို့ ဆီးရီးယားကို တိုက်ခိုက်

ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများသည် ဆီးရီးယားနိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်နေပြီဖြစ်ကြောင်း ဆီးရီးယားအတိုက်ခံ အကြီးအကဲဆေလင်းအိုင်းဒရစ်က ပြောကြားလိုက်သည်။ လက်ဘနွန်ရှီးယိုက် လှုပ်ရှားမှုတိုက်ခိုက်ရေးသမား ၇၀၀၀ ကျော်တို့သည် ဆီးရီးယားသူပုန်များ သိမ်းထားသည့် ကွာဆာမြို့ တိုက်ခိုက်မှုတွင်ပါဝင်ခဲ့သည်ဟု ဆိုသည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးကလည်း ယင်းမြို့တိုက်ခိုက်မှုတွင် ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမား ၃၀၀၀ မှ ၄၀၀၀ ကြားပါဝင်လိမ့်မည်ဟုခန့်မှန်းပြောကြားခဲ့သည်။ အစိုးရက ကွာဆာမြို့ တိုက်ခိုက်မှုအပေါ် ပြည်ပတိုက်ခိုက်ရေးသမားများ ပါဝင်လာခြင်းကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကလည်း စိုးရိမ်ပူပန်လျက်ရှိသည်။

မြင့်မောင်စိုး-စုစည်းသည်

ရာသီဥတု စောင့်ကြည့်ရေး ဂြိုဟ်တုများ လွှတ်တင်မည်

ဘူမိတိုင်းတာရေး ရာသီဥတုအခြေပြု ဂြိုဟ်တုနှစ်လုံးကို လော့ဟီးမာတင် ကော်ပိုရေးရှင်းထံမှ NOAA အဖွဲ့အစည်းက မှာယူကြောင်း စပေ့ဖရိုက် သတင်းဌာနက သတင်းဖော်ပြသည်။

ရာသီဥတု စောင့်ကြည့်ရေး ဂြိုဟ်တုနှစ်လုံးကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တွင် လွှတ်တင်နိုင်ရေး ယခုကဲ့သို့ မှာယူခြင်းဖြစ်ကြောင်း သိရသည်။

မှာယူထားသော ဂြိုဟ်တုနှစ်လုံးတွင် GOES-T ဂြိုဟ်တုသည် အမေရိကန်ဒေါ်လာ ၁၇၅ ဒသမ ၉ သန်းကျော် ကုန်ကျမည်ဖြစ်ပြီး GOES-U ဂြိုဟ်တု၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၉ ဒသမ ၇ သန်း ကုန်ကျမည်ဖြစ်ကြောင်း NOAA မှ ပြောရေးဆိုခွင့်ရှိသူ ဂျွန်လီဆေးက ပြောကြားသည်။

ယင်းဂြိုဟ်တုနှစ်လုံးတွင် GOES-T ဂြိုဟ်တု စီမံကိန်းကို ၂၀၁၉ ခုနှစ် ဧပြီလအတွင်း လွှတ်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး GOES-U ဂြိုဟ်တုကို ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

အာကာဟိန်း - ရေးသည်

ဂုဏ်ပြု ကျေးဇူးတင်လွှာ

Shwe Taung Development Co.,Ltd မှ အောင်မြင်စွာတည်ဆောက်ပြီးစီးခဲ့သော လှည်းတန်းခုံးကျော်တံတား စီမံကိန်းအား အကောင်အထည်ဖော်ရာတွင် အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့သော ဂဏ္ဍာကျော်ထင်စည်သူ ဦးအောင်ကိုဝင်း (ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ) နှင့် ဒါရိုက်တာ အဖွဲ့ဝင်များအားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင် ဂုဏ်ပြု အပ်ပါကြောင်း နှင့် လုပ်ငန်းများ ဆက်လက်တိုးတက်ပါစေကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

Shwe Taung Development Co.,Ltd

ဂုဏ်ပြု ကျေးဇူးတင်လွှာ

Shwe Taung Development Co.,Ltd မှ အောင်မြင်စွာတည်ဆောက်ပြီးစီးခဲ့သော လှည်းတန်းခုံးကျော်တံတား စီမံကိန်းအား အကောင်အထည်ဖော်ရာတွင် အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့သော SMIDB Bank မှအုပ်ချုပ်မှုဒါရိုက်တာ နှင့်ဒါရိုက်တာ အဖွဲ့ဝင်များအားလုံး အား လှိုက်လှဲစွာ ကျေးဇူးတင် ဂုဏ်ပြု အပ်ပါကြောင်း နှင့် လုပ်ငန်းများ ဆက်လက်တိုးတက်ပါစေကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

Shwe Taung Development Co.,Ltd

ဆောင်းပါး

ဆေးလိပ် ဆေးရွက်အန္တရာယ်၊ ပြည်သူအများ သတိပြုဖွယ် အရောင်းမြှင့်တင် ကြော်ငြာများ ဥပဒေဖြင့် တားမြစ်ထား

ဒေါက်တာအောင်ထွဏ်း(ကျန်းမာရေးဝန်ကြီးဌာန)

ဆေးလိပ်၊ဆေးရွက်အန္တရာယ်

ဆေးလိပ်၏ အခိုးအငွေ့များတွင် ဓာတ်ပစ္စည်းအမျိုးပေါင်း ၄၃၀၀ ကျော် ပါဝင်သည်။ ယင်းအထဲတွင် လူတို့ကို အန္တရာယ်ဖြစ်စေနိုင်သော (ကတ္တရာ၊ နီကိုတင်း၊ ကာဗွန်မိုနောက်ဆိုက်၊ ဘင်ဇင်း၊ အမိုးနီးယား)ဓာတ်များစွာ ပါဝင်သည်။ အဓိကပါဝင်သော ပစ္စည်းမှာ နီကိုတင်းဖြစ်ပြီး လူကို အလွန်စွဲလမ်းစေသောအရာဖြစ်သည်။ နီကိုတင်း၏ စွဲလမ်းစေသော အာနိသင်ကြောင့် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးတို့ကို စတင်စမ်းသပ်သောက်သုံးကြည့်ရာမှ တဖြည်းဖြည်း ပို၍စွဲလမ်းလာပြီး မသောက်ရမနေနိုင်အောင် ဖြစ်လာကြသည်။

ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် စီးကရက်အမျိုးမျိုးသောက်ခြင်း၊ ကွမ်းဆေးစားခြင်း၊ ဆေးရွက်ကြီးငုံခြင်းတို့ကြောင့် နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက်နှလုံးသွေးရပ်ခြင်း၊ လေဖြတ်ခြင်း၊ အဆုတ်ပွန်ရောင်ခြင်း၊ အဆုတ်ကင်ဆာဖြစ်ခြင်း၊ ပါးစပ်၊ လျှာ၊ အစာပြွန်၊ လေမျိုပြွန်ဝ၊ ဆီးအိမ်ကင်ဆာနှင့် အခြားကင်ဆာများ ဖြစ်ပွားခြင်း၊ ခြေပုပ်၊ လက်ပုပ်ရောဂါဖြစ်ခြင်း၊ အမျိုးသားများတွင် အိမ်ထောင်ရေးသုခ အပြည့်အဝမခံစားနိုင်ခြင်း (Impotency) ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန် ဆေးလိပ်သောက်လျှင်

- သားပျက်သားလျှောခြင်း၊ သွေးလွန်ခြင်း၊ လမစေ့ဘဲကလေးမွေးဖွားခြင်း၊ မွေးရာပါချို့ယွင်းချက် ပါလာခြင်း။
- မီးတွင်းကလေးသေဆုံးခြင်း၊ ပေါင်မပြည့်သော ကလေးမွေးဖွားခြင်း။
- ကလေးခန္ဓာကိုယ်ကြီးထွားမှုနှေးကွေးခြင်းရောဂါများ ဖြစ်ပွားနိုင်ပါသည်။

ဆေးလိပ်သောက်သုံးသူ၏ ပတ်ဝန်းကျင် အန္တရာယ်အဖြစ်

- ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် လသားကလေးငယ်များ ရုတ်တရက်သေဆုံးခြင်း၊ အဆုတ်ရောဂါဖြစ်ခြင်း။
- ကလေးများတွင် ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ နားပြည်ယိုခြင်း၊ အဆုတ်ပွန်ရောင်ခြင်း။
- လူကြီးများတွင် နှလုံးရောဂါနှင့်အဆုတ်ကင်ဆာဖြစ်ခြင်း၊ ရင်ကျပ်ပန်းနာဖြစ်ခြင်းတို့ကို ဖြစ်ပွားစေသည်။
- ဆေးလိပ်သောက်သုံးသူ၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် ပတ်ဝန်းကျင်ရှိလူများကို ထိခိုက်စေသည်။
- ဆေးလိပ်၊ ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုးသည် ကျန်းမာရေးကို သာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် ကျန်းမာရေးတို့ကိုပါ ထိခိုက်ပျက်စီးစေတတ်ပါသည်။

ဆေးလိပ်လုပ်ငန်းဆွဲဆောင်မှု

ဆေးရွက်ကြီးလုပ်ငန်းရှင်များနှင့် ဆေးလိပ်ကုမ္ပဏီများသည် မိတ်ဖက်အဖွဲ့အစည်းများကို ဖွဲ့စည်းကာ နည်းဗျူဟာအမျိုးမျိုးဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့သည် အားကစားပွဲများနှင့် အခြားပွဲတော်များကျင်းပခြင်းစသည့် လူမှုရေးအရ လက်ခံနိုင်သော အခြားနည်းလမ်းများကို အသုံးပြုကြသည်။ သိပ္ပံပညာရှင်များနှင့် သုတေသနများအတွက် ငွေကြေးပံ့ပိုးကူညီပေးပြီး ပညာရှင်တို့၏ အကာအကွယ်ကိုယူကာ အချို့ကဏ္ဍများတွင် ၎င်းတို့ အကျိုးစီးပွားအတွက် ထောက်ခံစေခြင်း၊ ဆေးရွက်ကြီး၏ ဆိုးကျိုးမပေါ်လွင်သော စာတမ်းများတင်သွင်းခြင်း၊ ပုံနှိပ်ဖြန့်ဝေခြင်းစသည်ဖြင့် လူအများသိစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဆေးလိပ်ကုမ္ပဏီများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေးနှင့် အလုပ်သမားမူဝါဒစသည့် လူမှုရေးလုပ်ငန်းများနှင့် ပံ့ပိုးကူညီလှူဒါန်းမှုများကို အလေးပေးလာကြသည်။ ထိုလှုပ်ရှားမှုများကြောင့် ဆေးလိပ်ကုမ္ပဏီများသည် ၎င်းတို့၏ ပျက်စီးနေသော ဂုဏ်သိက္ခာကို အဖတ်ဆယ်ခြင်း၊ အလုပ်သမားများ၏ စိတ်ဓာတ်ရေးရာ တိုးတက်လာခြင်း၊ ကုမ္ပဏီ၏ ဈေးကွက်တန်ဖိုးတက်လာခြင်းစသည့်အကျိုးကျေးဇူးများခံစားရပါသည်။ ၎င်းတို့သည် သူတစ်ပါးဆေးလိပ်ငွေ့ကြောင့် ရောဂါဆိုးများ ခံစားရခြင်းကို ဖုံးကွယ်ရန် အများပြည်သူအတွင်း ဆေးလိပ်သောက်ခြင်းကို ကန့်သတ်ပိတ်ပင်တားမြစ်ခြင်းသည် စီးပွားရေးဆုတ်ယုတ်မှုကို ဖြစ်စေနိုင်ကြောင်း မိမိလိုရာဆွဲပြောဆိုကြပါသည်။

ကမ္ဘာ့ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု အခြေအနေ

ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် ကမ္ဘာတစ်ဝန်း လူ ၁၀ ဦးလျှင် တစ်ဦးသေဆုံးနေပြီး ကမ္ဘာပေါ်ရှိသေဆုံးခြင်းများအတွက် ကာကွယ်၍ရသောတစ်ခုတည်းသော အကြောင်းတရားဖြစ်ပါသည်။ဆေးလိပ်နှင့် ဆေးရွက်ကြီးသည် နှစ်စဉ်လူပေါင်းခြောက်သန်းခန့် သေဆုံးစေပြီး ဆေးလိပ်မသောက်သော်လည်း သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းကြောင့် သေဆုံးရသူ ခြောက်သိန်းကျော် ရှိပါသည်။ ယခုမှစ၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်ရေးကို မဆောင်ရွက်လျှင် ၂၀၃၀ တွင် လူသန်းပေါင်း ရှစ်သန်းခန့် သေဆုံးစေမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ကာကွယ်၍ရသော မသေဆုံးသင့်ဘဲ သေဆုံးမှု၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ဝင်ငွေနည်းသော၊ ဝင်ငွေအလယ် လတ်ရှိသော တိုင်းပြည်များတွင်ဖြစ်ပွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု အခြေအနေ

မြန်မာနိုင်ငံတွင် ကျောင်းသား ကျောင်းသူများအတွက် စီးကရက် သောက်သုံးမှုနှုန်းမှာ ၂၀၀၁ ခုနှစ် စစ်တမ်း (Global Youth Tobacco Survey 2001) အရ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းကျောင်းသား ကျောင်းသူများ၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ် စစ်တမ်းအရ ၄ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းလာသော်လည်း ၂၀၁၁ ခုနှစ် စစ်တမ်းတွင်မူ ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် မြန်မာကျောင်းသားလူငယ်များအတွင်း ဆေးရွက်ကြီးပါသောကွမ်းစားသုံးမှုလည်း မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးအမျိုးမျိုးကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကူညီပံ့ပိုးခြင်းကို အလုံးစုံတားမြစ်ပိတ်ပင်ခြင်းဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ လမ်းညွှန်ချက်များ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ကမ္ဘာ့ဆေးလိပ်နှင့်ဆေးရွက်ကြီး ကပ်ရောဂါဆိုးကို တိုက်ဖျက်မည်ဟု ကတိကဝတ်ပြုပြီး ဖြစ်ပါသည်။ FCTC (ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း) သည် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလမှစ၍ အသက်ဝင်အာဏာတည်ခဲ့ပါသည်။

နိုင်ငံတစ်နိုင်ငံသည် WHO FCTC (ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း)သို့ ဝင်ရောက်ပြီး ငါးနှစ်အတွင်း ဆေးလိပ်နှင့်ဆေးရွက်ကြီးအမျိုးမျိုးကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကူညီပံ့ပိုးပေးခြင်း အလုံးစုံကို ပိတ်ပင်တားမြစ်ရပါသည်။ ထိုသို့ပိတ်ပင်တားမြစ်ခြင်းသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးစတင်သုံးစွဲခြင်းကို လျော့နည်းစေသကဲ့သို့ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲနေသူများကိုလည်း သုံးစွဲမှုလျှော့ချပေးနိုင်သောကြောင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးဝယ်လိုအားကို လျှော့ချပေးနိုင်သည့်စရိတ်သက်သာ၍ ထိရောက်သော နည်းလမ်းများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးအမျိုးမျိုးကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကူညီပံ့ပိုးခြင်းကို အလုံးစုံတားမြစ်ပိတ်ပင်ခြင်းသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကို လျော့နည်းစေပါသည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုကို ယေဘုယျအားဖြင့် ခုနစ်ရာခိုင်နှုန်းလျော့နည်းစေပြီး အချို့နိုင်ငံများတွင်သုံးစွဲမှုသည် ၁၆ရာခိုင်နှုန်းအထိ လျော့နည်းသွားကြောင်းတွေ့ရှိရပါသည်။

နိုင်ငံအများစုတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးကြော်ငြာခြင်းကို ထိထိရောက်ရောက်တားမြစ်ပိတ်ပင်ခြင်း မရှိသေးပါ။ နိုင်ငံ ၁၉ နိုင်ငံ(ကမ္ဘာ့လူဦးရေ၏ ခြောက်ရာခိုင်နှုန်းနေထိုင်)ကသာ ဆေးလိပ်နှင့်ဆေးရွက်ကြီးအမျိုးမျိုး ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကူညီပံ့ပိုးခြင်းကို အလုံးစုံတားမြစ်ပိတ်ပင်ခြင်း ဆောင်ရွက်သော်လည်း နိုင်ငံများ၏ ၃၈ ရာခိုင်နှုန်းခန့်မှာ အနည်းငယ် သို့မဟုတ် လုံးဝတားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၁ ခုနှစ် ထုတ်ပြန်သော စာရင်းများအရ ဆေးလိပ်နှင့်ဆေးရွက်ကြီးအမျိုးမျိုး ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကူညီပံ့ပိုးပေးခြင်းအလုံးစုံကို ပိတ်ပင်တားမြစ်သည့်တိုင်အောင် ၂၀၁၀ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ခြောက်ရာခိုင်နှုန်းကိုသာလျှင် သူတစ်ပါးဆေးလိပ်ငွေ့ အန္တရာယ်မှ ကာကွယ်ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံဆေးလိပ်နှင့် ဆေးရွက်ကြီးကင်းစင်ရေးဆောင်ရွက်ချက်များ

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးဖြစ်သော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်စသည်နှင့် ဆေးပါသောကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်းအစရှိသော ဆေးရွက်ကြီးထွက်ပစ္စည်း အမျိုးမျိုးသောက်သုံးခြင်းသည် လူငယ်၊ လူရွယ်များနှင့် လုပ်သားပြည်သူများ သိမြင်သဘောပေါက် ရှောင်ကြဉ်နိုင်စေရန်အတွက် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ပါသည်။

ထင်ရှားသော မှတ်တိုင်များအနေနှင့် ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်များကို ကန့်သတ်ပိတ်ပင်တားမြစ်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအားလုံးတွင် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းခွင့်မပြုခြင်း၊ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများကို ဆေးလိပ်မသောက်ရနယ်မြေအဖြစ် သတ်မှတ်ခြင်းစသည်တို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံက ၂၀၀၃ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံအနေနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို အတည်ပြုသည့် ၁၁ နိုင်ငံမြောက်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ် ဖြစ်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေး ဗဟိုကော်မတီကိုဖွဲ့စည်းကာ လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ၁၅-၃-၂၀၁၂ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၁၆/၂၀၁၂ ဖြင့် ကုန်သွယ်လုပ်ငန်းခွန်အဖြစ် စီးကရက်အတွက် ၁၀၀ ရာခိုင်နှုန်း၊ ဆေးပေါ့လိပ်၊ ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံအမျိုးမျိုး ဆေးတံသောက်ဆေးများနှင့် ကွမ်းစားဆေးများကို ၅၀ ရာခိုင်နှုန်း တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးအမျိုးမျိုး ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကူညီပံ့ပိုးခြင်းကို အလုံးစုံတားမြစ်ပိတ်ပင်ခြင်း

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာသည့်အလျောက် ကွန်ဗင်းရှင်းပါ အချက်အလက်များကို အခြေခံသည့် ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေနှင့် ၂၀၀၆ ခုနှစ် မေ ၄ ရက်က ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၆ အဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ဥပဒေတွင် ကွန်ဗင်းရှင်းပါနေရာများ သတ်မှတ်ခြင်း၊ ဆေးလိပ်ကြော်ငြာများကို လုံးဝပိတ်ပင်တားမြစ်ခြင်း၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား ဆေးလိပ်ရောင်းချမှုကို တားမြစ်ခြင်း၊ ဆေးလိပ်ထုပ်ပိုးရာတွင် ကျန်းမာရေးသတိပေးချက် ပါရှိစေခြင်းစသည်တို့ ပါဝင်ပါသည်။ ဥပဒေသည် ၂၀၀၇ ခုနှစ် မေ ၄ ရက်တွင် စတင် အာဏာသက်ဝင်ပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများအနေနှင့် ဌာနအလိုက် ညွှန်ကြားချက်များ ထုတ်ပြန်သွားရန်ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်

မိုးပွင့်အဆင့် ၅ ဆက်တိုက်ပြုလုပ်ပေးနေ

ရန်ကုန် မေ ၃၀

၂၀၁၄ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူတော့မည်ဖြစ်ခြင်းကြောင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့က မိုးပွင့်အဆင့် ၅ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းများကို သက်ဆိုင်ရာကျေးရွာ၊ရပ်ကွက်များသို့ ကွင်းဆင်း၍ ဖြေလျှော့ဆောင်ရွက်ခြင်းများဖြင့် ပြုလုပ်ပေးလျက်ရှိပြီး မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၀ကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဦးရေ ၃၃၅၁ ဦးအား ထုတ်ပေးခဲ့ပြီးဖြစ်သည်။

မွေးဖွားခြင်း၊ သေဆုံးခြင်းများအတွက် အိမ်ထောင်စုလူဦးရေစာရင်း အတိုးအလျှော့များကိုပါ ပူးတွဲလုပ်ဆောင်ပေးခဲ့ရာ အိမ်ထောင်စုစာရင်း ၂၄၀၈ခုကို ဟောင်းနွမ်းပျောက်ပျက် မိတ္တူထုတ်ပေးခြင်းများ အပါအဝင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **အောင်သန်း**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းအင်ဂျင်နီယာဌာန ရေယာဉ်နှင့် ပို့ဆောင်ရေးဌာနစိတ်၊ ပင်မစက်ပြင်အလုပ်ရုံ(သစ်စက်) မီးဘေးကာကွယ်ရေးဟောပြောပွဲနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းကို မေ ၂၈ ရက် နံနက်က ယင်းဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ စမ်းချောင်းမြို့နယ် ဖုန်နယ်မြေမှူး ရဲသူရိန်သိန်းမြင့် သရုပ်ပြ ဟောပြောစဉ်။ (ဝ၄၂)

ရှေးဦးပြုစုခြင်း နည်းပြသင်တန်းဖွင့်

မြိတ် မေ ၃၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး ကြက်ခြေနီကော်မတီတို့ပူးပေါင်း၍ ဆရာ၊ ဆရာမများ ရှေးဦးပြုစုခြင်း နည်းပြသင်တန်းကို မြိတ်မြို့ မြစ်ငယ်ရပ် အခြေခံပညာ မူလတန်းကျောင်း၌ မေ ၁၈ ရက်က ဖွင့်လှစ်ရာ သင်တန်းသို့ ဆရာ ဆရာမ ၄၈ဦး တက်ရောက်ခဲ့ပြီး သင်တန်းဖွင့်ပွဲတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသော တပ်ဖွဲ့ဝင်များကို ဆုချီးမြှင့်ခဲ့သည်။ သင်တန်းသည် မေ ၂၆ ရက်တွင် ပြီးဆုံးခဲ့ကြောင်း သိရှိရသည်။ **မိုးဟိန်း(မြိတ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Alex G. Chua အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(၁)	ဦးကျော်ဆန်း	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၁)သတ္တုတွင်းလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန
(၂)	ဦးငွေအောင်	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၃)သတ္တုတွင်းလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကူဝိတ်ပါလီမန် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ တွေ့ဆုံ

နေပြည်တော် မေ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကူဝိတ်ပါလီမန် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Saleh Ahmed Ashor သည် ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး **(အောက်ပုံ)** မြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ္ဘောဇသာဒီနန်းတော်နှင့် ညောင်ရွှေယဉ်ကျေးမှုပြတိုက်တို့၏ စီမံခန့်ခွဲခွင့်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေး

နေပြည်တော် မေ ၃၀

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် မေ ၂၉ ရက် နံနက် ၁၁ နာရီခွဲက ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်နှင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့ရှိ ညောင်ရွှေယဉ်ကျေးမှုပြတိုက်တို့၏ စီမံခန့်ခွဲခွင့်ကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးသည့် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား(၂)၊ ပုဒ်မခွဲ(၇)အရ သက်ဆိုင်ရာအစိုးရအဖွဲ့များက အနီးကပ်ကြီးကြပ် စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း၊ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများနှင့် ပြတိုက်ဖြစ်သည့်အတွက် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျစီမံခန့်ခွဲ၍ ပြုပြင်ထိန်းသိမ်းသွားရန်လိုကြောင်း၊ နိုင်ငံတကာအဆင့်မီ Historical Park အဖြစ် Visitor Facilities များ တိုးမြှင့်တည်ဆောက်၍ ပြည်တွင်းပြည်ပဧည့်သည်များကို ဝန်ဆောင်မှုပေးခြင်းများ ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အစီအစဉ်အရ ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်နှင့် ညောင်ရွှေယဉ်ကျေးမှုပြတိုက်တို့၏ စီမံခန့်ခွဲခွင့် လွှဲပြောင်းပေးခြင်းဆိုင်ရာ သဘောတူညီချက်ကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ အတွင်းရေးမှူးများက လက်မှတ်ရေးထိုး၍ လွှဲပြောင်းပေးအပ်ခဲ့သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါ်စန္ဒာခင်နှင့် ဦးသန်းဆွေ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ အတွင်းရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

လားရှိုးမြို့၌ ဒုက္ခသည်များအား လူမျိုးဘာသာမခွဲခြားဘဲ ကူညီစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် မေ ၃၀

လားရှိုးမြို့၌ မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖြစ်ပွားခဲ့သည့် နှစ်ဖက်အပြန်အလှန်တိုက်ခိုက်မီးရှို့ဖျက်ဆီးမှုများကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် ဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး လူမျိုးဘာသာမခွဲခြားဘဲ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း ရှမ်းပြည်နယ် အစိုးရအဖွဲ့ထံမှ သိရှိရသည်။ **(ယာပုံ)**

ဆောင်ရွက်ပေး

ယနေ့နံနက်ပိုင်းမှ စတင်၍ အမှတ် (၈)ရပ်ကွက် မန်ဆူဘုန်းတော်ကြီးကျောင်းတွင် အမျိုးသား ၁၉၁ ဦး၊ အမျိုးသမီး ၂၂၃ ဦး စုစုပေါင်း ၄၁၄ ဦးအားလည်းကောင်း၊ စိတ္တသုခဘုန်းတော်ကြီးကျောင်းတွင် ဒုက္ခသည် ၂၅ ဦးအားလည်းကောင်း ခိုလှုံခွင့်ပေးထားပြီး နေထိုင်မှုနှင့် စားသောက်ချက်ပြုတ်မှုအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

နေပြည်တော် မေ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ပုဇွန်ဆိတ်ကျေးရွာအုပ်စု ကံသာကျေးရွာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၅) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ခြင်းကို မေ ၃၀ ရက် နံနက် ၉ နာရီက ကံသာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မြို့နယ်ဦးစီးမှူး ဦးဘိုဝနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးကြသည်။ အဆိုပါကွင်းဆင်းဆောင်ရွက်ရာသို့ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးလှိုင်က နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူ ၃၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် လဝက)**

မုံရွာတွင် လက်ပစ်ဗုံးနှင့် ကျည်ဆန်များ တွေ့ရှိ

မုံရွာ မေ ၃၀

မုံရွာမြို့ ကွေ့ကြီးရပ် ဗိုလ်ချုပ်လမ်းဘေး ကန်စပ်တွင် ပလတ်စတစ်အနက်ရောင်ဖြင့် ထုပ်ထားသော လက်ပစ်ဗုံးနှင့် ကျည်ဆန်များကို ယနေ့နံနက် ၇ နာရီခွဲက တွေ့ရှိခဲ့ကြောင်း သိရသည်။

၎င်းပစ္စည်းများကို ကျော်ဆန်းဦး (၂၅နှစ်)ကြက်ရောင်းဝယ်ရေး၊ ရာပြည့်လမ်း နယ်မြေ(၆) ကွေ့ကြီးရပ်ကွက်နေသူက ကန်အတွင်း ကန်စွန်းရွက်ဆင်းခူးနေစဉ် ကန်အောက်မှ အထုပ်တစ်ထုပ်တက်နင်းမိသဖြင့် ကုန်းပေါ်သို့ဆယ်ယူဖွင့်ကြည့်ရာ91 လက်ပစ်ဗုံး (ဖြူးစ်မပါ)တစ်လုံး၊ 109 လက်ပစ်ဗုံး (ဖြူးစ်မပါ)တစ်လုံး၊ 5.56 ကျည် ၁၇ တောင့်နှင့်နိုကီယာအမျိုးအစား ဆင်းကတ်ပါဘက်ထရီမပါတစ်လုံးကို တွေ့ရှိခဲ့ကြောင်းသိရသည်။ **(အောက်ဝဲပုံ)**

သိမ်းဆည်း

၎င်းက ကွေ့ကြီးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ရာအိမ်မှူး ဦးဇာနည်လင်းအား အကြောင်းကြားရာ သက်ဆိုင်ရာ အမှတ်(၁)ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးကျော်ကျော်ညွှန့်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ခင်ဇော်လတ်တို့က သွားရောက်စစ်ဆေးခဲ့ကြပြီး ဗုံးသီးနှစ်လုံးနှင့်ကျည် ၁၇ တောင့်ကိုနယ်မြေခံတပ်မှ သိမ်းဆည်းခဲ့ပြီး ဟန်းဆက်ကို အမှတ်(၁) ရဲစခန်းမှ စိစစ်နိုင်ရန် သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ညီဖြစ်သူရန်ပွဲမှတစ်ဆင့် အစ်ကိုဖြစ်သူအရိုက်ခံရ

ကျောက်ကြီး မေ ၃၀

တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မုန်းမြို့(၁)ရပ်ကွက် ကျောက်ကြီး-မုန်း ကားလမ်းမပေါ်တွင် သန်းငွေ (၃၈နှစ်) (ကျပန်း)မုန်းမြို့(၁) ရပ်ကွက်နေသူနှင့် တစ်ရပ်ကွက်တည်းနေ ၎င်း၏ မယားညီအစ်ကိုတော်သူ မျိုးနိုင်(ခ)ငပိန်(ကျပန်း)တို့သည် အရက်အတူသောက်စားမူးယစ်ပြီး အချင်းချင်း စကားများရန်ဖြစ်ခဲ့ပြီးနောက် မေ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်က သန်းငွေ၏ အစ်ကိုတော်သူ ဝင်းငွေ (၄၂နှစ်) (ကျပန်း) အလုပ်လုပ်သူ တုံးတောကျေးရွာ မုန်းအုပ်စုနေသူ ရောက်လာပြီး ၎င်း၏ညီ သန်းငွေ ရန်ဖြစ်သည့်ကိစ္စနှင့် ပတ်သက်၍ မကျေနပ်ကြောင်း ပြောဆိုရာ မျိုးနိုင်(ခ)ငပိန်နှင့် ၎င်း၏ညီ အောင်နိုင်ဦး (၂၅နှစ်) (ကျပန်း)အလုပ်လုပ်သူ (၁)ရပ်ကွက် မုန်းမြို့နေသူတို့ နှစ်ဦးနှင့် ဝင်းငွေတို့ ထပ်မံစကားများ ရန်ဖြစ်ရာ မျိုးနိုင်(ခ)ငပိန်မှ ညစ်ညမ်းစွာဆဲဆိုပြီး ဝင်းငွေအား အရှည် သုံးတောင်ခန့်ရှိ သစ်သားတုတ်ဖြင့် ရိုက်သဖြင့် ဝင်းငွေတွင် ဘေးချိုစောင်းပေါက်ပြဲ ဒဏ်ရာတစ်ချက်၊ ဝဲလက်မောင်းဖူးရောင် ဒဏ်ရာတစ်ချက် (စိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဝင်းငွေဘက်မှ မကျေနပ်သူများက မျိုးနိုင်(ခ)ငပိန်အိမ်သို့ ရောက်ရှိလာကာ ငပိန်အိမ်ဘေးရှိ ဂိုဒေါင်တစ်လုံးအား ဖျက်ဆီးပစ်ခဲ့ကြောင်း၊ မျိုးနိုင်(ခ)ငပိန်နှင့် အောင်နိုင်ဦးတို့ကို အရေးယူပေးရန် ဝင်းငွေကတရားလို ပြုလုပ်တိုင်တန်းသဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

(မခိုင်)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် တိရစ္ဆာန်မျိုးပွားရေးနှင့် ဖွံ့ဖြိုးရေးတပ်ရင်းသို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၃၀

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၈ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဘန်ကောက်မြို့မှ ကီလို မီတာ ၁၃၀ အကွာရှိ ထိုင်းဘုရင့် တပ်မတော် တိရစ္ဆာန်မျိုးပွားရေးနှင့် ဖွံ့ဖြိုးရေးတပ်ရင်းသို့ ရောက်ရှိကြရာ တိရစ္ဆာန်မျိုးပွားရေးနှင့် တွန်းအား ပေးဌာနမှူးက ဌာနဖြစ်ပေါ်လာပုံ နှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယ ထိုင်းဘုရင့် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန် အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ခင်း ကျင်းပြသထားသော တိရစ္ဆာန်ထွက် ပစ္စည်းများအား ကြည့်ရှုခဲ့ပြီးနောက် တိရစ္ဆာန် မျိုးပွားရေးနှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်မှုများအား ကြည့်ရှု လေ့လာခဲ့ကြောင်း သတင်းရရှိ သည်။ **(ယာပုံ)**

(သတင်းစဉ်)

ကျော်ဖုံးမှ

နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ကြသည့် မိသားစုများအား ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ရပ်ရွာသို့ ပြန်လည်ပို့ဆောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည့်ကိစ္စရပ်များကို နှစ်ဖက် သဘောတူညီမှုရယူပြီး နှစ်ဖက် သဘောတူကြေညာချက်ထုတ်ပြန်နိုင်ရန် အတွက် ဆွေးနွေးညှိနှိုင်းကြပြီး ကိုယ်စားလှယ်အဖွဲ့ နှစ်ဖွဲ့သည် အသေးစိတ် အချက်အလက်များကို သီးခြားစီ တွေ့ဆုံဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO တို့၏ သဘော တူချက်ကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်စိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ လွှတ်တော်ကိုယ် စားလှယ်ဒေါ်ဒွဲဘူ၊ ဦးခက်ထိန်နန်တို့နှင့် KIO ကိုယ်စားလှယ်အဖွဲ့မှ ဦးဆွမ်လွတ်ဂမ်၊ ဗိုလ်ချုပ်ဆွမ်လွတ်ဂွမ်မော်၊ ဗိုလ်မှူးကြီးလဖိုင်လ၊ ဗိုလ်မှူးကြီး လဖိုင်ခွန်နောင်နှင့် ဗိုလ်မှူးကြီး မရန်ဇော်တောင်တို့က ဆွေးနွေး ပွဲ တက်ရောက်လာကြသူအားလုံး၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြ သည်။ **(အပေါ်ပုံ)**

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးအဖွဲ့ များမှ ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများကလည်း အသိသက်သေအဖြစ် လက်မှတ်ရေးထိုးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် KIO ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်တို့သည် နှစ်ဖက်ကိုယ်စားလှယ်များ လက်မှတ် ရေးထိုးပြီးသည့် သဘောတူညီချက်များကို အပြန်အလှန် လဲလှယ်ကြပြီး နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူ များနှင့်အတူစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို အဆိုပါခန်းမ၌ ဆက်လက် ကျင်းပပြီး တောင်းဆိုညှိနှိုင်းခဲ့မှုများ၊ တပ်ပိုင်းဆိုင်ရာများ ဆွေးနွေးခဲ့မှု များ၊ ငြိမ်းချမ်းရေးအတွက် ရှေ့ဆက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်း ဖြေကြားကာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့၏ သဘောတူညီချက် ထုတ်ပြန်ကြေညာ သည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီက ရှေ့တန်းစခန်းများရှိ တပ်မတော်သားများနှင့် KIO တို့အတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှထုတ်လုပ်သော ကြက်သား စည်သွတ်ဘူး ၁၀၀၀၀ စီကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ထုတ်ပြန်ကြေညာ

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့သည် မြစ်ကြီးနားမြို့ရှိ မနောကွင်း၌ သုံးရက်ကြာ တွေ့ဆုံဆွေးနွေးမှုများအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင် ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့၏ သဘောတူညီချက် (၇)ချက်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးအတည်ပြု ထုတ်ပြန်ကြေညာ နိုင်ခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့၏သဘောတူညီချက်(၇)ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) နိုင်ငံတော်အစိုးရနှင့် KIO တို့ နိုင်ငံရေးဆွေးနွေးမှုများ ဆက် လက်ဆောင်ရွက်ရန် သဘောတူသည်။

(ခ) နှစ်ဖက်တပ်ဖွဲ့များမှ ပစ်ခတ်တိုက်ခိုက်မှုများ လျှော့ချခြင်း၊ တိုက်ပွဲများ ထပ်မံမဖြစ်ပွားအောင် ထိန်းသိမ်းခြင်းတို့ကို ဆောင် ရွက်သွားရန် သဘောတူသည်။

(ဂ) နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သော စောင့်ကြည့်ကြီးကြပ်ရေး အဖွဲ့ (Joint Monitoring Committee) ဖွဲ့စည်းရန် မူအားဖြင့် သဘောတူသည်။

(ဃ) နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သည့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို ညှိနှိုင်းကာ ဆက်လက်ဆောင်ရွက်သွားရန် သဘောတူသည်။

(င) တပ်ပိုင်းဆိုင်ရာ တပ်နေရာချထားမှုများနှင့်ပတ်သက်၍ ဆက် လက်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူသည်။

(စ) လိုအပ်သောလုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်ရန် KIO ကိုယ်စားလှယ်နှင့် အလုပ်အဖွဲ့ (Technical Team) ကို မြစ်ကြီးနားမြို့တွင် ထားရှိသွားရန် သဘောတူသည်။

(ဆ) နောက်တစ်ကြိမ်ဆွေးနွေးပွဲတွင် ယခုအကြိမ်တက်ရောက်သည့် အဖွဲ့များမှ ကိုယ်စားလှယ်များ ပြန်လည်တက်ရောက်ရန် သဘောတူသည်။ အခြားဖိတ်ကြားလိုသော အဖွဲ့များရှိပါက နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။

ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသူအချို့အား တွေ့ဆုံမေးမြန်းခဲ့ ပါသည်။

ဦးလဂျွန်ငန်ဆိုင်း
ကချင်ပြည်နယ်ဝန်ကြီးချုပ်

ယခုလို ဆွေးနွေးပွဲတွေကို အရင်က အခြားနိုင်ငံတွေမှာပဲ တွေ့ဆုံ ဆွေးနွေးမှုတွေလုပ်ခဲ့တာပါ။ အဲ့ဒီလို မကြာခဏ တွေ့ဆုံဆွေးနွေးမှုတွေရဲ့ ရလဒ်အနေနဲ့ တစ်ဖက်နှင့်တစ်ဖက် ပိုပြီးတော့ ယုံကြည်မှုတွေရရှိလာခဲ့ပါတယ်။ အဲ့ဒါကြောင့် ကိုယ့်နိုင်ငံမှာရှိတဲ့ ကချင်ပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ မြစ်ကြီး နားမြို့ မနောကွင်းအနီးမှာရှိတဲ့ မဂ္ဂယ်ခန်းမမှာ နှစ်ဖက်အဖွဲ့တွေဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ KIO ကိုယ်စားလှယ်အဖွဲ့တွေ တွေ့ဆုံဆွေးနွေးနိုင်ခဲ့တာဟာ အများကြီးတိုးတက် လာတဲ့ တွေ့ဆုံဆွေးနွေးမှုလို့ ယူဆပါတယ်။

ဒီဆွေးနွေးပွဲမှာ အရင်က တွေ့ဆုံဆွေးနွေးမှုတွေထက် တစ်စတစ်စ ပို၍ပို၍တိုးတက်လာတဲ့အနေအထားမျိုးရှိပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုမှာ တော့ တစ်ဖက်နှင့်တစ်ဖက် ပိုပြီးနားလည်ယုံကြည်ပြီးတော့ နှစ်ဖက် သဘောတူညီချက်တွေကိုဆက်လက်ပြီး နှစ်ဖက်လက်မှတ်ရေးထိုးသွားဖို့ အစီအစဉ်မျိုးထိကို နှစ်ဖက်က ညှိနှိုင်းနေတဲ့အခြေအနေမျိုးရှိပါတယ်။ ဒီဆွေးနွေးပွဲဟာ အင်မတန်မှ အပြုသဘောဆောင်ပြီးတော့ ရှေ့ဆက်သွား မယ့်အစီအစဉ်တွေအတွက် အများကြီးအထောက်အကူပြုမည်ဟု ယုံကြည် ပါတယ်။

ဦးစောမန်းထွန်း
တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)၊ (KNU)

ကျွန်တော်တို့ရဲ့အမြင်နဲ့ မျှော်လင့်ချက်ကတော့ KIO နဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီရဲ့ဆွေးနွေးပွဲဟာ တိုင်းရင်း သားအားလုံးရဲ့ အရေးဖြစ်ပါတယ်။ ဒါကြောင့် ကရင်နဲ့ အခြားတိုင်းရင်း သားအားလုံးရဲ့ အရေးလည်း ဖြစ်ပါတယ်။ ဆွေးနွေးပွဲဟာ နောင်နိုင်ငံရေး တွေ့ဆုံဆွေးနွေးဖို့အတွက် အရေးကြီးတယ်လို့ မြင်ပါတယ်။

ရှေ့ဆက်ပြီး နိုင်ငံရေးဆွေးနွေးပွဲတွေကို တက်လှမ်းနိုင်ရေးအတွက် တိုင်းရင်းသားအားလုံး ညီညွတ်ဖို့ လိုအပ်ပါတယ်။

လက်ဆောင်ပစ္စည်းများပေးအပ်

ညပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းခေါင်းဆောင် သော ကိုယ်စားလှယ်အဖွဲ့နှင့် ဦးဆွမ်လွတ်ဂမ်၊ ဗိုလ်ချုပ်ဆွမ်လွတ်ဂွမ်မော် ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့တို့သည် အောင်မြင်ခြင်းအထိမ်း အမှတ်အဖြစ် မဂ္ဂယ်ခန်းမ၌ ညစာကို အတူတကွသုံးဆောင်ကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးနှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့က KIO ကိုယ်စားလှယ်အဖွဲ့အား အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး ဦးဆွမ်လွတ်ဂမ်နှင့် ဗိုလ်ချုပ်ဆွမ်လွတ်ဂွမ်မော်တို့က လက်ခံ ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့မှ ဥပဒေပညာရှင်အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃၀

ပြည်သူ့လွှတ်တော် နိုင်ငံသား များ၏မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌသည် အပြည်ပြည် ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့မှ ဥပဒေပညာရှင် Mr. Benjamin Zawacki အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့ လွှတ်တော်အဆောက်အအုံ အဆောင် အမှတ်(၁)ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကော်မတီ ဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး ဦးတင်မောင်ဝင်းနှင့် ကော်မတီအဖွဲ့ ဝင်၊ တရားစီရင်ရေးနှင့် ဥပဒေရေး ဆိုင်ရာကော်မတီမှ အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာ၌ လူ့အခွင့် အရေးဆိုင်ရာကိစ္စရပ်များ၊ ပြောင်း လဲကျင့်သုံးနေသည့် စနစ်သစ်နှင့် လိုက်လျောညီထွေ ဖြစ်လာသော ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် လွှတ်တော်အတွင်း၊ လွှတ်တော် ပြင်ပဆောင်ရွက်နေမှုများ၊ တိုင်းရင်း သားစည်းလုံးညီညွတ်မှုနှင့် တည် ငြိမ်အေးချမ်းမှု ရရှိရေးကိစ္စရပ်များ နှင့် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ် များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ခဲ့ကြသည်။

(သတင်းစဉ်)

သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

ပြည်တွင်းသတင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ Chao Phraya မြစ်တစ်လျှောက်ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၃၀

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၇ ရက် ညနေပိုင်းတွင် ဘန်ကောက်မြို့ရှိ ထိုင်းဘုရင့်ရေတပ်မတော် Navy Port သို့ ရောက်ရှိကြပြီး ထိုင်းဘုရင့် ရေတပ်မတော်အထူးရေယာဉ် Angsana Cruise (Navy) သင်္ဘောဖြင့် Chao Phraya မြစ်တစ်လျှောက် လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးတို့က သင်္ဘောပေါ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာ သုံးဆောင်ပြီးချိန်တွင် Chao Phraya မြစ်ကမ်းဘေးနှင့် စစ်ရေယာဉ်ပေါ်မှ မီးရှူးမီးပန်းများ ပစ်ဖောက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ထိုင်းဘုရင့်ရေတပ်မတော်အထူးရေယာဉ် Angsana Cruise (Navy) သင်္ဘောဖြင့် Chao Phraya မြစ်တစ်လျှောက် လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

◆ ***ရှေ့ဖုံးမှ***

လမ်းအား မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ အင်ဂျင်နီယာအဖွဲ့များ ပူးပေါင်းကာ ဆောင်ရွက်မည်ဖြစ်သည်။

ပလက်ဝမှ ကလက်ဝ (စက်ပြစ်ပြင်) အထိလမ်းအရှည်မှာ ၇၃ ကီလိုမီတာရှိရာ ယင်းလမ်းပိုင်းကို အိန္ဒိယဘက်မှ တာဝန်ပေးထားသော M/S IR CON International Ltd. မှ အင်ဂျင်နီယာအဖွဲ့နှင့် မြန်မာအဖွဲ့တို့ ပူးပေါင်းကာ လမ်းအူကြောင်းများ ရွေးချယ်ခြင်းနှင့် တိုင်းတာခြင်း လုပ်ငန်းများပြုလုပ်ခဲ့ပြီး ဖြစ်သည်။ ထို့အတူ DPR အသေးစိတ်စီမံကိန်း အစီရင်ခံစာကိုလည်း အိန္ဒိယအစိုးရသို့ တင်ပြထားပြီဖြစ်သည်။

တစ်ဖန် ကလက်ဝ (စက်ပြစ်ပြင်) မှ မြန်မာ-အိန္ဒိယနယ်စပ် မြိတ်ဝအထိ လမ်းပိုင်းမှာ အရှည်ကီလိုမီတာ ၆၀ ရှိသည်။ ယင်းလမ်းပိုင်းကိုလည်း ယခင် တိုင်းတာပြုစုထားသော အသေးစိတ် အစီရင်ခံစာပေါ် မူတည်ကာ အသေးစိတ် ခန့်မှန်းခြေစာရင်းကို တွက်ချက်ပြီး အိန္ဒိယနှင့်မြန်မာနိုင်ငံတို့က ခန့်မှန်းခြေစီမံကိန်းတန်ဖိုးကို ညှိနှိုင်းလျက်ရှိသည်။

ပလက်ဝ-ကလက်ဝ(စက်ပြစ်ပြင်)-မြိတ်ဝ လမ်းဖောက်လုပ်ပြီးစီးခဲ့ပါက ချင်းပြည်နယ်မှ အိန္ဒိယနိုင်ငံသို့ ဆက်သွယ်သွားလာနိုင်သည့် ကုန်သွယ်မှု လမ်းကြောင်းသစ်တစ်လမ်း ထပ်မံထွက်ပေါ်လာမည် ဖြစ်သည်။ ယင်းလမ်းမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း အခြားအာဆီယံလမ်း၊ အာရှလမ်းမများနှင့် ချိတ်ဆက်ကာ ကူးသန်းသွားလာနိုင်မည့် လမ်းကွန်ရက်လည်း ထွက်ပေါ်လာနိုင်မည် ဖြစ်သည်။

မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံတို့သည် ဘင်းစတက်လမ်းဖြစ်သော မြန်မာ-အိန္ဒိယနယ်စပ် မိုးရေးမြို့မှ တမူး-မန္တလေး-မိတ္ထီလာနှင့် မြန်မာ-ထိုင်း နယ်စပ်တာချီလိတ်အထိ လမ်းလည်း ဖောက်လုပ်ထားပြီးဖြစ်ရာ ကုန်သွယ်ကူးသန်းသွားလာမှု ပြုလုပ်နိုင်လျက်ရှိသည်။

ထို့အတူ မြန်မာ-အိန္ဒိယနယ်စပ် ရိဒ်နှင့် တီးတိန်မြို့အထိ ဖောက်လုပ်မည့် ရိဒ်-တီးတိန်လမ်းကိုလည်း ဖောက်လုပ်ရန် နှစ်ဖက်တာဝန်ရှိသူများ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ တစ်ဖန်မဟာမဲခေါင်ဒေသ အနောက်ပိုင်း စင်္ကြံလမ်းဖြစ်သော အရှည် ၈၄၅ မိုင်ရှိသည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ လမ်းလည်းရှိနေသည်။

ထို့အပြင် အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ကို ဆက်စပ်ဖောက်လုပ်ထားသည့် အာရှလမ်းမကြီးအမှတ်-၁ ဖြစ်သော မြဝတီ-ဘားအံ-သထုံ-ဘုရားကြီး - မန္တလေး - ချောင်းဦး - ပုလဲ - ဂန့်ဂေါ-ကလေး-တမူးအထိရှိသော အရှည် ၁၆၆၅ ကီလိုမီတာရှိသော ကားလမ်းလည်းရှိနေသည်။ ထို့အတူ အာဆီယံလမ်းမ-၁ လည်းရှိနေရာ အိန္ဒိယ-မြန်မာ လမ်းပန်းဆက်သွယ်ရေးက ကောင်းမွန်လျက်ရှိသည်။

မြန်မာ - အိန္ဒိယနှစ်နိုင်ငံ ဆက်စပ်သွားလာကုန်သွယ်နိုင်မည့် မော်တော်ကားလမ်းများ ပိုမိုထွက်ပေါ်လာပါက နှစ်နိုင်ငံအနာဂတ်ကာလ၌ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်မြို့ လှည်းတန်းခုံးကျော်တံတား ဖွင့်လှစ်

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့ လှည်းတန်းခုံးကျော်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အဆိုပါတံတား ဗဟိုမဏ္ဍပ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တောက်မှုများကို ဖြေလျှော့နိုင်ရန်နှင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ခုံးကျော်တံတားကြီးများ တည်ဆောက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ထံတင်ပြပြီး ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်နှင့်အညီ လှည်းတန်းခုံးကျော်တံတားစီမံကိန်း၊ ဘုရင့်နောင် ခုံးကျော်တံတားစီမံကိန်းနှင့် ရွှေဂုံတိုင်ခုံးကျော်တံတားစီမံကိန်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ တံတားကို စတင်တည်ဆောက်ချိန်မှ ပြီးစီးချိန်အထိ တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီး ပြည်သူများ အမြန်ဆုံးအသုံးပြုနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားသစ်ကြီးကို ငွေကြေးမြောက်မြားစွာ အကုန်အကျခံ ဆောက်လုပ်ပေးထားခြင်းဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုကြောင်း၊ တံတားပေါ် နေ့စဉ် ဖြတ်သန်းသွားလာသည့် ယာဉ်စီးရေမှာ ယာဉ်ကြောတစ်ဖက်လျှင် သုံးသောင်းရှစ်ထောင်ကျော် ရှိသဖြင့် တံတား၏ လက်ရှိခံနိုင်မှုနှင့် ဖြတ်သန်းမောင်းနှင်သော ယာဉ်စီးရေမျှတမှုရှိရေးအတွက် တံတားပေါ်တွင် မော်တော်ယာဉ်များသည် စည်းကမ်းရှိစွာ စနစ်တကျမောင်းနှင်ရေး၊ တစ်စီးနှင့်တစ်စီး ကျော်မတက်ရေး၊ အရှိန်ပြင်းစွာမောင်းနှင်မှုမပြုရေး၊ သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်ခြင်းမပြုရေး မှာကြားလိုကြောင်း ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ရွှေတောင်ဖွံ့ဖြိုး တိုးတက်မှုကုမ္ပဏီဥက္ကဋ္ဌ ဦးအိုက်ထွန်းတို့က လှည်းတန်း ခုံးကျော်တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှည်းတန်းခုံးကျော် တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

လှည်းတန်း ခုံးကျော်တံတားသည် သံမဏိရက်မ၊ သံကူကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ်တိုင်၊ ကြိုတင်အားဖြည့်တံတားတိုင် ကန့်လန့်ဖြတ်ရက်မ၊ အုတ်မြစ်သံကူကွန်ကရစ်လွန်တူးဘိုးပိုင်နှင့် အပေါ်ထည် သံမဏိရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းလက်ရန်း ခုံးကျော်တံတားဖြစ်ပြီး ခုံးကျော်တံတားအရှည် ၂၅၀၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၄ ပေ ရှစ်လက်မ၊ ပလက်ဖောင်းအကျယ် (တစ်ဖက်လျှင်) နှစ်ပေစီ၊ တံတားအကျယ် ပေ ၅၀ ရှစ်လက်မ၊ တံတားအောက်ကင်းလွတ်အမြင့် ၁၈ ပေ၊ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန် တန် ၆၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာသင်စရိတ်ထောက်ပံ့

နေပြည်တော် မေ ၃၀

နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်/စာရေး ဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မူလတန်းမှ တက္ကသိုလ်အဆင့်အထိ ကျောင်းသား ကျောင်းသူ ၁၀၆ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ်ကိုးသိန်းကို နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်အောင်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုကိုလွင်(နေပြည်တော်)

● ***ရှေ့ဖုံးမှ***

မပြုရန်ကန့်သတ်ထားသော နေ့စဉ် ၁၆း၀၀ နာရီမှ ၂၃း၀၀ နာရီအချိန်မှအပ ကျန်ရှိသည့်အချိန်များတွင် လုပ်ငန်းဆောင်ရွက်နိုင်ရန် ခေတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများကိုပြင်ဆင်သည့် အမိန့်ကြော်ငြာစာထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၃
၁၃၇၅ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၁၃ခုနှစ်၊ မေလ ၁၇ ရက်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(က)အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများဟုခေါ်တွင်စေရမည်။

၂။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း (၂)၊ နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ(ခ)တွင် နည်းဥပဒေခွဲငယ် (၆) အဖြစ် အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ရမည်-

“(၆)ကျေးရွာဥပစာနယ်နိမိတ်မှ နှစ်မိုင်ကွာဝေးခြင်း ရှိ မရှိ၊”

၃။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း (၂)၊ နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ(ခ)ပါ **“သဘာဝနယ်မြေများ”** ဆိုသည့် စကားရပ်၏နောက်၌ **“ရေဝေရေလဲဒေသများ”** ဆိုသည့်စကားရပ်ကို လည်းကောင်း၊ “ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏နောက်တွင် **“နှင့်”** ကိုလည်းကောင်း ဖြည့်စွက်ရန်နှင့် “သက်ဆိုင်ရာအခြားဝန်ကြီးဌာနများ”ဆိုသည့် စကားရပ်တွင် **“အခြား”** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း (၃)၊ နည်းဥပဒေ ၃၀၊ နည်းဥပဒေခွဲ(ခ)ပါ “ပူးတွဲ၍ နည်းဥပဒေ ၂၇ နှင့်အညီ လျှောက်ထားတင်ပြလာလျှင်” ဆိုသည့်စကားရပ်ကို **“ဖြင့် လျှောက်ထားလာလျှင် နေပြည်တော်ကောင်စီ၊”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရန်နှင့် အကြိမ်ကြိမ်ထပ်မံခွင့်ပြုနိုင်သည် ဆိုသည့်စကားရပ်တွင် **“ထပ်မံ”** ဆိုသည့်စကားရပ်အား ပယ်ဖျက်ရမည်။

၅။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း(၅)၊ နည်းဥပဒေ ၄၅၊ နည်းဥပဒေခွဲ(ခ)ပါ “မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဖြစ်ပါက တစ်ကြိမ်လျှင် ခွင့်ပြုသည့်ဧရိယာကို ၂ နှစ် (နှစ်နှစ်)အတွင်း ပြီးစီးစေရန် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ရမည်။” ဆိုသည့် စကားရပ်ကို **“မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး လုပ်ကိုင်သူဖြစ်ပါက ခွင့်ပြုသည့် ဧရိယာကို လေးနှစ်အတွင်း ပြီးစီးစေရန် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ရမည်။”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း(၅)၊ နည်းဥပဒေ ၄၅၊ နည်းဥပဒေခွဲ(ဃ)၏ အောက်တွင် နည်းဥပဒေခွဲ(င)ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ပြီး မူလနည်းဥပဒေခွဲ (င)ကို နည်းဥပဒေခွဲ(စ)အဖြစ်လည်းကောင်း၊ နည်းဥပဒေခွဲ(စ)ကို နည်းဥပဒေခွဲ (ဆ) အဖြစ်လည်းကောင်း ပြန်လည်အမှတ်စဉ်ရမည်-

“(င) လုပ်ပိုင်ခွင့်ရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဧရိယာများကို နှစ်အလိုက် စိုက်ပျိုးရမည့်ဧကအတိုင်း တောခုတ်၊ တောရှင်းခြင်းကို နှစ်အလိုက်ဆောင်ရွက်စေပြီး၊ အမှန်တကယ် စိုက်ပျိုးခြင်းမရှိဘဲ တောခုတ်၊ တောရှင်းခြင်းကို လုံးဝမပြုလုပ်ရ။”

၇။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း(၆)၊ နည်းဥပဒေ ၅၂၊ နည်းဥပဒေခွဲ(ခ)ပါ “စိုက်ပျိုးမြေများ ဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထားဖြင့် တင်ပြနိုင်လျှင် ယင်းလက်ရှိစိုက်ပျိုးလုပ်ကိုင်နေသူ နစ်နာမှုမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။” ဆိုသည့်စကားရပ်ကို **“စိုက်ပျိုးမြေများပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့်ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ယင်းတို့၏ ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရမည်။”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

မြင့်လှိုင်
ပြည်ထောင်စုဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုအလုပ်ရုံဆွေးနွေး

မန္တလေး မေ ၃၀

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် စွမ်းဟိုတယ်၌ မေ ၂၈ ရက် နံနက် ၈ နာရီက မြန်မာနိုင်ငံ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒအစီအစဉ်နည်းဗျူဟာများကို ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲ၌ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်သည့် ဦးအောင်ထွန်းခိုင်၊ ဒေါ်ခိုင်မေနု၊ UNICEF ပြည်ပအကြံပေးပုဂ္ဂိုလ် Ms.Emily Vargas-Baron၊ ပြည်တွင်းအကြံပေးပုဂ္ဂိုလ် ဒေါက်တာသိန်းလွင်၊ ပညာရေးတာဝန်ခံဒေါက်တာအေးအေးရီ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှတာဝန်ရှိသူများ၊ တိုင်းရင်းသားလူမျိုးနှင့် ယဉ်ကျေးမှုအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၇၀ ခန့်တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲတွင် ဦးအောင်ထွန်းခိုင်က အမှာစကား ပြောကြားခဲ့ပြီး Ms.Emily Vargas-Baron ကဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒအစီအစဉ်ရေးဆွဲရေးနှင့်ပတ်သက်၍ တက်ရောက်လာကြသူများကဆွေးနွေးတင်ပြခဲ့ကြောင်းနှင့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၉ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **(ဝ၄ဝ)**

ကချင်ပြည်နယ်တွင် ဘင်ခရာသင်တန်းဆင်းပွဲကျင်းပ

မိုးညှင်း မေ ၃၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မြိုင်သာယာအခြေခံပညာအထက်တန်းကျောင်းခွဲတွင် ဘင်ခရာသင်တန်းဆင်းပွဲကို မေ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြိုင်သာယာအခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာကြီး ဦးလှသောင်းက အမှာစကားပြောကြားသည်။ သင်တန်းဆင်းပွဲသို့ ဌာနဆိုင်ရာအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားသင်တန်းသူများ၏မိဘများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဘင်ခရာသင်တန်းကို မြိုင်သာယာကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများဦးစီး၍ မိုးညှင်းမြို့မှ ဦးထွန်းရွှေက သင်တန်းမှူးအဖြစ် ဆောင်ရွက်ပေးခဲ့သည်။ သင်တန်းကာလမှာ တစ်လကြာမြင့်ပြီး သင်တန်းသား သင်တန်းသူဦးရေ ၁၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၁၇၁)**

ကောလင်းနှင့် ကိုးတောင်ဘို့ ဘူတာကြား ရထားပေါ်မှ ငွေကျပ် ၁၅ သိန်းကျော် အခိုးခံရပြန်

ကောလင်း မေ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဝါးရုံခုံကျေးရွာအနီးနှင့် ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ကျေးရွာ အကြားတွင် မေ ၂၂ ရက် နံနက် ၅ နာရီကျော်ခန့်က အမှတ် ၅၇ မန္တလာအဆန် မန္တလေး-မြစ်ကြီးနား အထူးအမြန်ရထားတွဲပေါ်၌ ငွေကျပ် ၁၅၆၀၀၀၀ အခိုးခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် နံနက် ၅ နာရီခန့်က မရီဦးသည် မန္တလေးဘူတာမှ အင်းတော်ဘူတာသို့ အမှတ် ၅၇ မန္တလာအဆန် မန္တလေး-မြစ်ကြီးနားအထူးအမြန်ရထား ပထမတန်းတွဲ (၁) အဆင်းအတက် တံခါးပေါက်အနီး ဖျာခင်း၍ အိပ်ပျော်စီးနင်းလိုက်ပါခဲ့ရာ ကိုးတောင်ဘို့ဘူတာနှင့် ကောလင်းဘူတာကြားအရောက် ကောလင်းသို့ ဝင်ရန် ၁၅ မိနစ်ခန့်အလိုတွင် ခေါင်းခုအိပ်လာသော စလင်းဘက်အနက်ရောင်ကို အနီစင်းကျားအားကစားအင်္ကျီနှင့် ဘောင်းဘီတို ဝတ်ဆင်ထားသောအမျိုးသားတစ်ဦးက ဖျတ်ခနဲဆွဲယူပြီး ရထားပေါ်မှ ခုန်ဆင်းထွက်ပြေးသွားသည်။ စလင်းဘက်အိတ်နှင့်အတူ ခိုးယူခံပစ္စည်းများမှာ Gold Sun အမျိုးအစားအညိုရောင် CDMA လက်ကိုင်ဖုန်းဆင်းကတ်ပါတစ်လုံး၊ ငွေကျပ်ငါးထောင်တန်အရွက် ၁၀၀ ပါတစ်အုပ်၊ ငွေကျပ်တစ်ထောင်တန်အရွက် ၁၀၀ ပါ ငါးအုပ်၊ ငွေစက္ကူရောရာ ခြောက်သောင်းခန့်နှင့် မရီဦး အမည်ပါ နိုင်ငံသားစိစစ်ရေးကတ် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၅၆၀၀၀၀ ခန့်ကို ခိုးယူခံရသည်။ အဆိုပါအမှုအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ကောလင်းမြို့နယ်ရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကိုညိမ်း(ကောလင်း)

ပါကျဲရိုးပေါ်မှ တရားမဝင်သစ်များ မန်စီမြို့နယ်၌ ဖမ်းမိ

မန်စီ မေ ၃၀

ဗန်းမော်ခရိုင် မန်စီမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများသည် မြို့နယ်အတွင်း တရားမဝင်သစ် သယ်ဆောင်နေမှုကို နည်းမျိုးစုံဖြင့် ရှာဖွေဖော်ထုတ်လျက်ရှိရာ မေ ၂၈ ရက် ညနေ ၅ နာရီခွဲက ရွှေကူ-ဗန်းမော်ကားလမ်း နမ့်မဖွဲ့ကျေးရွာအနီး PAJERO ၂ယ/. . . ယာဉ်ပေါ်၌ သယ်ဆောင်လာသည့် ကျွန်းခွဲသားများ ဖမ်းဆီးရမိကြောင်း သိရသည်။ **(အောက်ပုံ)**

ဖမ်းဆီးရမိ

နယ်မြေသတင်းအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မန်စီရဲစခန်းမှ ဒုရဲအုပ် သိန်းထူးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မန်စီမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသိန်းငွေ၊ တောအုပ် ဦးမင်းနိုင်၊ တောအုပ် ဦးကျော်ထိုက်ဝင်း၊ သတင်းတပ်ဖွဲ့မှ ရဲအုပ်ဇော်ဝင်းဦးနှင့် နမ့်မဖွဲ့ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံဝင်း၊ ဦးလာလီတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယာဉ်မောင်း ဦးမြင့်သိန်း မောင်းနှင်လာသော ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသားအချောင်း ၅၀ (၀ ဒသမ ၉၃၇ တန်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကို မန်စီရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူပိုး (မန်စီ)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့် ဆိုင်းဘုတ်တင်

ပျဉ်းမနား မေ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား အထက်တန်းကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်းဘုတ်တင် အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ **(ယာပုံ)**

ဖွင့်လှစ်

အခြေခံပညာ အထက်တန်းကျောင်းဆိုင်းဘုတ်ကို ကျေးရွာအုပ်ချုပ်ရေးမှူးဦးဖိုးနီ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်လှ၊ ရပ်မိရပ်ဖဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားသို့ သစ်လေးလုံးအခြေခံပညာအထက်တန်းကျောင်း အကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ ၁၅၀ ခန့်တက်ရောက်ခဲ့ပြီး "ကျွန်တော်တို့ သစ်လေးလုံးအခြေခံပညာအထက်တန်းကျောင်းကို နိုင်ငံတော်က ၂၀၀၄ ခုနှစ်က စတင်ပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် ဖွင့်လှစ်ခဲ့ပါတယ်။ အခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်က စတင်ပြီး အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးလိုက်တဲ့အတွက် ကျောင်းသားကျောင်းသူ မိဘများနဲ့ထပ်တူ ဝမ်းသာပါတယ်" ဟု သစ်လေးလုံးကျေးရွာ ရပ်မိရပ်ဖ ဦးမြင့်ဆွေက လှိုက်လှိုက်လှဲလှဲပြောကြားခဲ့သည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

အသိပညာပေး

ရွှေဘို မေ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် သဘာဝဘေးစီမံခန့်ခွဲမှု အသိပညာပေး ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်ပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီက ရွှေဘိုမြို့ အထက(၁)၌ ကျင်းပရာ ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး မီးဘေး၊ သဘာဝဘေးအန္တရာယ်များလျော့ပါးစေရေး၊ ကြိုတင်ကာကွယ်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုနှင့် ရရှိသည့် သဘာဝဘေးနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများကို ပြည်သူထံရောက်အောင် ဆင့်ပွားပြန့်ပွားစေရေး ဆောင်ရွက်ပေးကြရန်နှင့် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနဦးစီးမှူး ဒေါ်လဲ့လဲ့အေးက သဘာဝဘေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ရွှေဘိုခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရွှေဘိုခရိုင် ရှစ်မြို့နယ်မှ သင်တန်းသား ၈၀ တက်ရောက်ကြပြီး သင်တန်းကာလ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မီးဘေးရှောင် မလောင်ခင်တား

စည်းကမ်းနှင့်အညီ အထည်ဆိုင်များရောင်းချစေချင်

စစ်ကိုင်း မေ ၃၀

စစ်ကိုင်းမြို့ မြို့မဈေးကြီး၌ သတ်မှတ်ထားခြင်းမရှိသည့် မြေညီထပ်နေရာများတွင် အထည်ရောင်းချသူများကြောင့် အပေါ်ထပ်၌အထည်ရောင်းချသူများအနေဖြင့် နစ်နာလျက်ရှိနေကြောင်း သိရသည်။

စစ်ကိုင်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးဟောင်း (ယခင်မိုးဇာဈေး)ကို ၁၉၉၅ ခုနှစ်တွင် ဈေးဟောင်းကိုဖျက်၍ ဈေးသစ်ကို ခေတ်မီစွာဖြင့် မြို့မဈေးသစ်ကြီးအဖြစ် ဆောက်လုပ်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ဖွင့်လှစ်ချိန်က စည်းကမ်း ဥပဒေရေးဆွဲပြဋ္ဌာန်းပြီး အဆောက်အအုံများကို ဆန်ရုံ၊ ကုန်ခြောက်ရုံ၊ သားငါးရုံ၊ သစ်သီးရုံ၊ အပ်ချုပ်စက်တန်း၊ ရွှေဆိုင်တန်းနှင့် အထည်ရုံဟူ၍ ခွဲခြားသတ်မှတ်ပေးခဲ့ကြောင်း သိရသည်။ အထူးသဖြင့် အထည်နှင့် ပတ်သက်သောပစ္စည်းများကို ဈေး၏အပေါ်ထပ်တွင်သာရောင်းချမည်ဖြစ်ပြီး အခြားမည်သည့်နေရာမျှ မရောင်းချရန် သတ်မှတ်ထားကြောင်းလည်း သိရသည်။ အထည်ဆိုင်များ သတ်မှတ်နေရာများတွင် စည်းကမ်းနှင့်အညီ ရောင်းချခဲ့သည်မှာ ၂၀၁၀ ပြည့်နှစ်ထိတိုင်အောင် ကြာမြင့်ခဲ့သည်။ သို့သော် တချို့စည်းကမ်းမဲ့ဈေးသည်များသည် အထည်မရောင်းချရသည့်နေရာများတွင် ရောင်းချလျက်ရှိနေခြင်းကြောင့် စည်းကမ်းနှင့်အညီ ရောင်းချသည့်အထည်ဆိုင်များ နစ်နာမှုဖြစ်နေပါသဖြင့် သက်ဆိုင်ရာက ကြီးကြပ်ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

ခိုင်ဇေယျ

ဘိန်းဖြူမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

တမူး မေ ၃၀

တမူးခရိုင် အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ် ထွန်းလွင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် မေ ၂၇ ရက် မွန်းလွဲ ၁နာရီက မူးယစ်ဆေးဝါးများ သယ်ဆောင်လာကြောင်း သတင်းအရ သက်သေများနှင့်အတူ တမူးမြို့ မြို့မ ၁၄ ရပ်ကွက် ချောက်နက်ကြီးရွာအထွက် တမူး- စေတီကားလမ်းတွင် စောင့်ဆိုင်းနေစဉ် တမူးမြို့ဘက်မှ မြို့သစ်မြို့နယ်ခွဲဘက်သို့ ထန်ခိုဆေး (၃၅ နှစ်) မြို့သစ်မြို့နယ်ခွဲနေထိုင်သူ စီးနင်းမောင်းနှင်လာသည့် KENBO-125 ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ထိုင်ခုံအောက် ယာဘက်ဘေး Cover အတွင်း သို့ဝှက်သယ်ဆောင်လာသည့် အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထည့်လျက် အနီရောင်ဆပ်ပြာခွက်အတွင်းမှ ဘိန်းဖြူမှုန့် ၁၁ ဂရမ်ခန့်ပါ တစ်ထုပ်နှင့် ထိုင်ခုံအောက်ဝဲဘက်ဘေး Cover အတွင်း သို့ဝှက်သယ်ဆောင်လာသည့် အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထည့်လျက် အစိမ်းရောင်ဆပ်ပြာခွက်အတွင်းမှ ဘိန်းဖြူမှုန့် ၁၁ ဂရမ်ခန့်ပါတစ်ထုပ်၊ ပလတ်စတစ်ပိုက်အတွင်း ထည့်လျက် ဘိန်းဖြူမှုန့် ၂ ဒသမ ၅ ဂရမ်ခန့်ပါ ပိုက်တစ်ချောင်း၊ ပလတ်စတစ်ဘူးသေးအတွင်းထည့်လျက် ဘိန်းဖြူမှုန့် ၁ ဒသမ ၅ ဂရမ်ခန့်ပါ တစ်ဘူး စုစုပေါင်း ဘိန်းဖြူမှုန့် ၂၆ ဂရမ်ခန့်နှင့် အဖြူရောင်ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် 88 နှင့် 1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားခုနစ်ပြားတို့ကို ရှာဖွေတွေ့ရှိရသဖြင့် သက်သေခံပစ္စည်းများနှင့်အတူ ထန်ခိုဆေး(၃၅ နှစ်)ကို တမူးရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ထန်ခိုဆေး၏ စစ်ဆေးခံထွက်ဆိုချက်အရ ဖိုင်လင်းကျေးရွာမှ ၄င်း၏ နေအိမ်တွင်ရောက်ရှိနေသော ဖောင်းပြင်မြို့နယ်မှ ဧည့်သည်နှစ်ဦးထံ ဝယ်ယူပို့ဆောင်ပေးရမည်ဟုသိရသဖြင့် အောင်နိုင်ထွန်း (၂၈ နှစ်) ခမိုင်းကျေးရွာ၊ စိန်လင်း (၃၀ နှစ်) ကိုင်းပြင်ကျေးရွာ ဖောင်းပြင်မြို့နယ် နေထိုင်သူနှစ်ဦးတို့အား ကွင်းဆက်အဖြစ် ဆက်လက်ဖမ်းဆီးခဲ့ပြီး အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **(အောက်ပုံ)**

ဝင်းနိုင်(တမူး)

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

၃၁-၅-၂၀၁၃ ရက်တွင် ကျရောက်သည့် Elegance Beauty & Nail Spa Shop ၏ တစ်နှစ်ပြည့်အချိန်တွင် Elegance Beauty Nail and Spa Shop (1),(2),(3) ကို အောင်မြင်စွာ ဖွင့်လှစ်တည်ထောင်နိုင်ခဲ့သည့်အတွက် အထူးပင် ဝမ်းမြောက် ဂုဏ်ယူမိပါသည်။

ရွှေပုသိမ်ကုမ္ပဏီမိသားစု

၃၁-၅-၂၀၁၃ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသနေသော ဇာတ်ကားများ

သမ္မတ	ရက်စ်ဘောစ်	
	ရက်စ်ဘောစ်	
	ရက်စ်ဘောစ်	
TOP ROYAL	ရက်စ်ဘောစ်	
	PEE MAK	
	FAST & FURIOUS 6	
	PEE MAK	

AUNG HTUSAN PREDICTION CENTER
Mind reader through Occult Science
(To make reservation well in advance)
Good intention will bring you good luck

ပျောက်ဆုံးခြင်း

ကျွန်တော် မောင်မင်းရဲမွန် (ဘ) ဦးညွန့်မောင် ၃/ဘအန(နိုင်)၂၅၉၇၈၇၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၄၂၀၁၅၅၉၈

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရွှေပြည်သာ၊ ထန်းခြောက်ပင်ကွေ့ VIPဂုတ်ကွက် ပေ(၄၀×၆၀) ရပ်ကွက် ၅၊ ၂၄/၃၂၊ ဆက်သွယ်ရန် ဖုန်း-၀၁-၅၈၄၃၂၈၊ ၀၉-၅၁၆၃၅၈၂၊ ၀၉-၇၃၀၅၆၈၃၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ မြေကွက်အမှတ်(၅၂)၊ ၄၀ါလမ်းပေါ်ရှိ အလျားပေ(၄၀)×အနံပေ(၆၀)၊ စတုရန်းပေ အကျယ်အဝန်းအားဖြင့် ၂၄၀၀ အကျယ်အဝန်းရှိသော မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက် ဦးခင်မောင်ထွန်း ၉/ကဆန(နိုင်)၀၉၃၉၁၃၏သား ဦးဝင်းကိုကိုထွန်းထံမှ ကျွန်တော် ဦးမင်းသူအောင် ၁၂/ဒဂတ(နိုင်)၀၅၁၄၅၄နှင့် ကျွန်တော် ဦးဝင်းထိန် ၁၂/ဗဟန(နိုင်) ၀၉၁၅၈၀ နှစ်ဦးမှ အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းသည်ကို ရောင်းသူဝယ်သူနှစ်ဦး သဘောတူညီကြသဖြင့် ကျွန်တော်တို့ နှစ်ဦးမှ ရောင်းဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေချထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအစုံအလင်ဖြင့် ကျွန်တော်တို့နှစ်ဦးထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမင်းသူအောင် ၁၂/ဒဂတ(နိုင်)၀၅၁၄၅၄
ဦးဝင်းထိန် ၁၂/ဗဟန(နိုင်)၀၉၁၅၈၀
ဖုန်း-၀၉-၇၃၉၀၃၂၅၅၊ ၀၉-၄၃၀၂၅၅၃၀

ဖခင်အမည်မှန်

အထက(၁) မင်္ဂလာဒုံ ဝါယာလက် နဝမတန်း Aမှ မောင်ထက်ဝေယံကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်အေး ဖြစ်ပါသည်။

သွေးသည်အသက်

ပြည်တွင်းသတင်း

နိုင်ငံခြားငွေလဲလှယ်မှုအရ ပြည်တွင်းငါးဈေးကွက် ဈေးနှုန်းတက်လာမည်ကို စိုးရိမ်

ရန်ကုန် မေ ၃၀

ရန်ကုန်-မူဆယ် လမ်းကြောင်းအတိုင်း ယခုလပိုင်းတွင် ဆန်တင်ပို့မှုသာမက ဖွဲနုများပါတင်ပို့မှုရှိလာကြောင်း၊ သို့သော် မန္တလေးမြို့ထွက် ၁၆ မိုင်စခန်းတွင် ဖွဲနုတင်ဆောင်လာပါက သက်ဆိုင်ရာမှ သယ်ဆောင်ခွင့်အထောက်အထားများ တောင်းခံမှုရှိသည်ဟု မူဆယ်သွား ကုန်တင်ယာဉ်လုပ်သားများ၏ သတင်းပို့ချက်အရ မန္တလေး-မူဆယ်သွားကုန်တင်ယာဉ်များတွင် ဖွဲနုအိတ်များ တင်ဆောင်မှုမရှိကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသမှ လားရှိုးသို့ပို့ရန် ရန်ကုန်ရှိ မန္တလေး-မူဆယ်သွား ကားဂိတ်များသို့ ဖွဲနုအိတ်များလာပို့ရာတွင် ဂိတ်များမှ လက်ခံတင်ပို့ခြင်းမရှိကြောင်း ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ခရေလမ်းရှိ မန္တလေး-မူဆယ် ကားဂိတ်ပိုင်ရှင် တစ်ဦးကဆိုသည်။

စောင့်ကြည့်နေရ

ရန်ကုန်မှ မူဆယ်သို့ ဆန်တစ်တန်လျှင်ကားခ ငွေကျပ် ၆၅၀၀ နှုန်းဝန်းကျင်သာရှိရာ ယင်းဆန်အိတ်များနှင့်အတူ ဖွဲနုအိတ်များရောပြီး တင်ဆောင်မှုများရှိတတ်ရာ လမ်းခရီးတွင် စစ်ဆေးမှုများနှင့်ကြုံတွေ့ပါက ကုန်တင်ယာဉ် လုပ်သားများက တာဝန်ယူဖြေရှင်းရကြောင်း၊ အချိန်ကုန်၊ လမ်းခရီးနှောင့်နှေးမှုများနှင့် တွေ့ကြုံရသဖြင့် ရန်ကုန်ဆန်တင်ရာတွင် ဖွဲနုအိတ်မပါရန် စောင့်ကြည့်နေရကြောင်း ယာဉ်လုပ်သားတစ်ဦးက ဆိုသည်။

စပါးကြိတ်ခွဲရာမှထွက်ရှိသော ဖွဲနုများကို မွေးမြူရေးလုပ်ငန်းများတွင် အစာအဖြစ်အသုံးပြု၍ စပါးပေါ်ချိန်တွင် အလေးချိန်တစ်ပေါင်လျှင် ၅၅ ကျပ်ဝန်းကျင်ရှိရာမှ မေလလယ်တွင် တစ်ပေါင်လျှင်ငွေကျပ် ၉၀ အထိဈေးတက်သွားကြောင်း၊ ယခုမေလကုန်တွင် ၈၂ ကျပ်ဝန်းကျင်သာရှိကြောင်း ဆန်စက်ပိုင်ရှင်တစ်ဦးက ဆိုသည်။

စိုးရိမ်နေကြ

မြန်မာငွေကျပ်ဖြင့် နိုင်ငံခြားသုံးငွေလဲလှယ်မှုကြောင့် ပြည်ပသို့ ရေထွက်ကုန်များ၊ ဈေးတိုးမြှင့်မှုကို ရင်ဆိုင်နေရကာ နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်မားမှုနှင့်အတူ ငါးအစာဖြစ်သော ဖွဲနုဈေးနှုန်း မြင့်တက်မှုတို့ကြောင့် ပြည်တွင်းငါးဈေးကွက်အတွင်း စားသုံးသူများ ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူစားသုံးရမည်ကို စိုးရိမ်နေကြကြောင်း သိရှိရသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၃၀-၅-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၁၀၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၈၇၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၄၈ ကျပ်
ဥရောပ	တစ်ယူရို	၁၂၃၁ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၁ ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၆၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၆၆ ကျပ်
တရုတ်	တစ်ယွမ်	၁၄၆ ကျပ်
မလေးရှား	ရင်းဂစ်	၃၀၄ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၀၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၅၀၀ - ၆၀၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၅၀၀ - ၃၅၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၅၀၀ - ၇၅၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၄၈၀၀ -၁၀၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၂၀၀ - ၈၀၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၃၀၀၀၀ ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၁၂၀၀၀ -၃၅၀၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၀၀၀ -၁၀၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၇၃၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၂၀၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၁၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၁၅-၄၆၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၇၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၀၀-၁၅၀၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၅၈၀-၇၃၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၈၅၀-၁၉၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၅၀၀
၁၂။	သကြား	တစ်ပိဿာ	၈၅၀-၁၀၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) အမှတ်(၁၂)ရပ်ကွက်၌ လမ်းသစ်များဖွင့်

နေပြည်တော် မေ ၃၀

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ ပေါ်ဦး ၄ လမ်းနှင့် ၅ လမ်း ဖွင့်ပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက် ၇ နာရီတွင် ပေါ်ဦး ၄ လမ်းထိပ်၌ကျင်းပရာ တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထူးတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနေ့က ဖွင့်လှစ်သည့် ပေါ်ဦး ၄ လမ်းနှင့် ၅ လမ်း ကွန်ကရစ်လမ်းသစ်များသည် စုစုပေါင်းအရှည် ပေ ၈၀၀၊ အကျယ် ၁၃ ပေရှိကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဘိလပ်မြေအိတ် ၆၀၀ ပံ့ပိုးပေးပြီး လမ်းသူလမ်းသား ထည့်ဝင်ငွေကျပ် ၄၂ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် သွေးရောဂါများအတွက်သောက်သုံးနိုင်ပါသည်။
TMR
Certificate TH09/3125
ISO 9001:2008 နှင့် GMP
Certificate TH06/3966.01

Sun Rays Trading and Industrial Co., Ltd ၏ ညွှန်ကြားချက်အရ ၂၈-၅-၂၀၁၃ နေ့စွဲပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဥမ္မာသွင်၏ အများသိစေရန် ကြေငြာချက်အပေါ် ပြန်လည်ရှင်းလင်းခြင်း။

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ Grand Wynn Enterprise Ltd အမှတ် (၄၀)၊ ၆၇-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းပြန်လည် ရှင်းလင်းပါသည်။

ကျွန်ုပ်၏အမှုသည်က Felda Global Ventures Holdings Berhad (FGVH) ၏ လက်အောက်ခံဖြစ်သော Delima Oil Products Sdn Bhd. ကထုတ်လုပ်သည့် "Saji" ကုန်အမှတ်တံဆိပ်ပါ စားအုန်းဆီနှင့်ဟင်းသီးဟင်းရွက်ဆီအမျိုးမျိုးကို [illegible] မလေးရှားနိုင်ငံမှ သွင်းကုန်လိုင်စင်ဖြင့် ၂၀၁၂ခုနှစ်မှစ၍ တရားဝင် တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိ၊ Sun Rays Trading and Industrial Co. Ltd သည် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမကြီးမှုအမှတ်-၈၉/၂၀၁၂ တွင် အမှုသည်များ ဖောက်သည့် ကျွန်ုပ်အမှုသည်၏ အရောင်းကိုယ်စားလှယ်များနှင့် ဆိုင်များသို့ သွားရောက်ပြီး "လူကြီးမင်းတို့၏ အရောင်းဆိုင်တွင် တားဝရမ်းထုတ်ခြင်း ခံရသော Saji ဟူသော ကုန်အမှတ်တံဆိပ်ပါ စားအုန်းဆီနှင့် ဟင်းသီးဟင်းရွက်ဆီအမျိုးမျိုးတို့အား လူကြီးမင်းတို့၏ ဆိုင်တွင် ရောင်းချခြင်း မပြုပါရန်နှင့်လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း" အသိပေးအကြောင်းကြားစာများ ဖြန့်ဝေခဲ့ပါသည်။

ယင်းစာနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က Grand Wynn Manufacturing Ltd. အပေါ်ထုတ်ဆင့်ခဲ့သည့် တားဝရမ်းကို ယင်းကုမ္ပဏီမှ ဝန်ထမ်းတစ်ဦး လက်မှတ်ရေးထိုး လက်ခံခဲ့သော စာအား တရားမဝင် မိတ္တူကူးယူပြီး ပူးတွဲခဲ့ပါသည်။

တားဝရမ်းသည် လူသိမ်းဟုတ် ကုမ္ပဏီအပေါ်တွင်သာ ထုတ်ခြင်းဖြစ်ပြီး ကုန်ပစ္စည်းအပေါ် ထုတ်ခြင်းမဟုတ်ပါသဲလျှက် ကျွန်ုပ်၏ အမှုသည်များ တရားဝင်ရောင်းချနေသော စားအုန်းဆီနှင့် ဟင်းသီးဟင်းရွက်ဆီအမျိုးမျိုးတို့အပေါ် တားဝရမ်း ထုတ်ခြင်းခံရသော Saji ဟူသော ကုန်အမှတ်တံဆိပ်ဟု ဖေါ်ပြခြင်းသည် ကျွန်ုပ်၏အမှုသည်နှင့် သက်ဆိုင်ခြင်းမရှိဟုဆိုသော်လည်း ကျွန်ုပ်၏အမှုသည်က တရားဝင် ရောင်းချသော ကုန်ပစ္စည်းအား ထိခိုက်ထိခိုက်စေသဖြင့် ကျွန်ုပ်၏အမှုသည်၏ ဂုဏ်သိက္ခာကိုထိခိုက်ညှိုးနွမ်းစေသည့်ပြင် အမှုနှင့်မည်သို့မျှ မပတ်သက်သည့် ရောင်းချသည့် ဆိုင်များအား လိုက်နာမှုမရှိပါကတည်ဆဲဥပဒေများအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားစာပါသည်ဟု Sun Rays Trading and Industrial Co.Ltd စာများတွင် ဖေါ်ပြခြင်းသည် မြိမ်းခြောက်ခြင်းဖြစ်သည်ဟု အဓိပ္ပါယ်ရှိ၍ ကြေငြာခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပါသည်။

ကျွန်ုပ်၏အမှုသည်ကတရားဝင်ဖြန့်ဖြူးရောင်းချသော "Saji" ကုန်အမှတ်တံဆိပ်ပါစားအုန်းဆီနှင့်ဟင်းသီးဟင်းရွက်ဆီအမျိုးမျိုးနှင့် ပတ်သက်ပြီး ကျွန်ုပ်အမှုသည်၏ အရောင်းကိုယ်စားလှယ်များနှင့်ဆိုင်များထံ Sun Rays Trading and Industrial Co. Ltd က အထက်ပါ အကြောင်းကြားစာများ၌ တရားရုံး၏အမိန့်စာအား တရားမဝင်မိတ္တူကူးယူပြီး ပူးတွဲဖြန့်ဝေခြင်းအပေါ် လိုအပ်သလို ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိစေအပ်သည်။

ဦးမင်းထိန်
တရားလွှတ်တော်ရှေ့နေ(၁၈၉၉)
#07, Pansodan Office Tower, ၁၈၉/၁၉၅ပန်းဆိုးတန်းလမ်းရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အမှတ် ၄/ဃ (ပ-ထပ်)ဟု ခေါ်တွင်သည့် ဒေါ်သီတာကြိုင် ၇/သကန(နိုင်)၀၁၃၇၇၀ ပိုင်ဆိုင်ထားသောတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ၂၄-၃-၂၀၁၃ ရက်တွင် စရန်ငွေတချို့အား ပေးချေပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သည့် စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်တင့်တင့်ခိုင်
LL.B, DBL, CBL
အထက်တန်းရှေ့နေ
အမှတ်(၁၆၆)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

[illegible]

(LL.B, D.B.L)
[illegible] (A-1) [illegible]

ဖယ်လ်ကာအိုအား မိုနာကို စာချုပ်မည်ဟုဆို

ရီးရဲမက်ဒရစ်နောက်တန်းကစားသမား ရီကာဒိုကာဗယ်ဟိုအား ပြင်သစ်ကလပ် မိုနာကိုက စာချုပ်လိုက်ပြီးနောက် အက်သလက်တီကိုတိုက်စစ်မှူး ဖယ်လ်ကာအိုကိုလည်း ပေါင်သန်း ၅၀ဖြင့် စာချုပ်မည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။ ချယ်လ်ဆီးဗဟိုခံစစ်မှူးဟောင်း ကာဗယ်ဟိုအား မိုနာကိုက တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်သည်။ချယ်လ်ဆီးနှင့် မန်စီးတီးတို့က ပစ်မှတ်ထားနေသော အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဖယ်လ်ကာအိုကိုလည်း မိုနာကိုက စာချုပ်သွားမည်ဟုဆိုသည်။

ဂါရက်ဘေးလ် ရီးရဲမက်ဒရစ်ရောက်နိုင်

ဂါရက်ဘေးလ်သည် ရီးရဲမက်ဒရစ်နှင့်စပါးတို့ ပြောင်းရွှေ့ကြေးကိစ္စသဘောတူပြီးလျှင် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း ၎င်း၏အေးဂျင့်က ပြောသည်။ ဝေလတောင်ပံတိုက်စစ်မှူးဂါရက်ဘေးလ်သည် ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ဖလောရင်တီနိုပီရက်ဇ်၏ အမိန့်ကိုနာခံရဖွယ်ရှိကြောင်း ဂျူနသန်ဘားနက်က စပိန်ရုပ်မြင်သံကြားသို့ပြောသည်။ အသက် ၂၃ နှစ်ရှိ ဂါရက်ဘေးလ်အား ၂၀၁၆ခုနှစ်အထိ စပါးက စာချုပ်ထားသည်။

စတုတ်နည်းပြ မာ့ခ်ဟုချ်ဖြစ်လာနိုင်

ကျူပီအာအသင်းနည်းပြဟောင်း မာ့ခ်ဟုချ်သည် ယခုသီတင်းပတ်ကုန်ပိုင်းတွင် စတုတ်နည်းပြသစ် ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားသည်။ မာ့ခ်ဟုချ်နှင့်စတုတ်အသင်းတို့အကြား ဆွေးနွေးနေပြီဖြစ်သည်။

အသက် ၄၉ နှစ်ရှိ မာ့ခ်ဟုချ်သည် စတုတ်အသင်းနည်းပြဖြစ်လာလိမ့်မည်ဟု ယုံကြည်ထားသည်။ နှစ်ဖက်ညှိနှိုင်းမှုအဆင်ပြေပါက မာ့ခ်ဟုချ်သည် လွန်ခဲ့သော သီတင်းပတ်က ထွက်ခွာသွားသော တိုနီပူးလစ်၏နေရာတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ကောင်းမြတ်သူ စုစည်းသည်

နိုင်ငံတကာအားကစားသတင်း

စူပါလင်းယုန်တွေနဲ့ ကွန်ဖက်ဒရေးရှင်းဖလား

အာဖရိကရဲ့ စူပါလင်းယုန်တွေလို့ခေါ်တဲ့ နိုင်ဂျီးရီးယားဘောလုံးအသင်းဟာ လာမယ့်ဇွန်လမှာ ကျင်းပတော့မယ့် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် ဘောလုံးသမား၂၅ ဦးကို ရွေးချယ်ထားပြီဖြစ်ပါတယ်။

ဘောလုံးကွင်းထဲမှာ တွန်းတွန်းတိုက်တိုက်နဲ့ မြန်နှုန်းမြင့်ကစားတတ်တဲ့ စူပါလင်းယုန်တွေဟာ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာ မှတ်တမ်းကောင်း ရေးထိုးနိုင်ဖို့ အပြင်းအထန် လေ့ကျင့်ပြင်ဆင်နေကြပြီဖြစ်ပါတယ်။ နိုင်ငံတကာကလပ်အသင်းတွေမှာ ခြေစွမ်းပြကစားနေတဲ့ ဘောလုံးသမားအများစုနဲ့ ပါဝင်ဖွဲ့စည်းထားတာမို့ စူပါလင်းယုန်တွေရဲ့အနေအထားက စိတ်ဝင်စားစရာကောင်းနေပါတယ်။

စူပါလင်းယုန်အသင်းရဲ့ နည်းပြချုပ် စတီဖင်ကီရှီကတော့ ကွန်ဖက်ဒရေးရှင်းဖလားလုပွဲမှာ အာဖရိကရဲ့ ဂုဏ်ကို မြှင့်တင်ပေးနိုင်မယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပြီး နိုင်ဂျီးရီးယားကစားသမားတွေဟာ အခုအချိန်မှာ စုစည်းမှုနဲ့ အကောင်းဆုံးခြေစွမ်းကို ရရှိနေတယ်လို့လည်း ပြောကြားနေပါတယ်။

လေ့ကျင့်မှုတွေ နေ့စဉ်ပြုလုပ်နေတဲ့ စူပါလင်းယုန်တို့ဟာ အခုဆိုရင် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့ကို ရောက်ရှိနေပြီး မေ ၃၁ ရက်မှာ မက္ကဆီကိုအသင်းနဲ့ ချစ်ကြည်ရေးခြေစမ်းပွဲကစားမှာဖြစ်ပါတယ်။ မက္ကဆီကိုအသင်းဟာ ဒေသတွင်းချန်ပီယံဖြစ်သလို နိုင်ဂျီးရီးယားတို့ကလည်း လက်ရှိ အာဖရိကချန်ပီယံဖြစ်ပါတယ်။ ချန်ပီယံနှစ်သင်းရဲ့ ခြေစမ်းပွဲဟာ မကြာမီမှာ ကျင်းပတော့မယ့် ကွန်ဖက်ဒရေးရှင်းဖလားပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုကို အကောင်းဆုံးအထောက်အကူပြုပေးနိုင်မှာဖြစ်တယ်လို့ နည်းပြ စတီဖင်ကီရှီက ပြောကြားပါတယ်။

စူပါလင်းယုန်တွေဟာ ကွန်ဖက်ဒရေးရှင်းဖလားပွဲမကစားမီ ဇွန် ၅ ရက်မှာ ကင်ညာအသင်းနဲ့ချစ်ကြည်ရေးခြေစမ်းပွဲကစားဦးမှာ ဖြစ်သလို ဇွန် ၁၂ ရက်မှာလည်း နမီးဘီးယားအသင်းနဲ့ ချစ်ကြည်ရေးခြေစမ်းပွဲ ဆက်လက်ကစားမှာဖြစ်ပါတယ်။

ကွန်ဖက်ဒရေးရှင်းဖလားပွဲကတော့ ဘရာဇီးနိုင်ငံမှာ ဇွန် ၁၅ ရက်မှ ၃၀ ရက်အထိကျင်းပမှာဖြစ်တာမို့ စူပါလင်းယုန်တို့ ခြေစမ်းပွဲတွေ ဆက်တိုက်ကစားနေခြင်းဖြစ်ပါတယ်။ နိုင်ဂျီးရီးယားအသင်းဟာ အာဖရိကဖလားပြိုင်ပွဲဗိုလ်စွဲခဲ့တာမို့ အာဖရိက ကိုယ်စားပြု အသင်းအနေနဲ့ ကွန်ဖက်ဒရေးရှင်းဖလားကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

နိုင်ဂျီးရီးယားဟာ ဘာကီနာဖာဆိုအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရပြီး အာဖရိကဖလားကို သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ အရင်နှစ်ကြိမ်က ၁၉၈၀ ခုနှစ်နဲ့ ၁၉၉၄ ခုနှစ်တို့မှာဖြစ်ပြီး ကိုးနှစ်အကြာမှာ တတိယအကြိမ် အာဖရိကဖလားကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ လေးနှစ်တစ်ကြိမ် ကျင်းပတဲ့ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲဟာ ဖီဖာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပတဲ့ နိုင်ငံမှာ ကျင်းပတာမို့ လာမယ့် ဇွန် ၁၅ ရက်မှ ၃၀ ရက်အထိ ကျင်းပမယ့် ပြိုင်ပွဲမှာတော့ ကွန်ဖက်ဒရေးရှင်းဖလားကို ဘယ်အသင်းဆွတ်ခူးသွားမယ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

မိုးမြင့်လင်းလက် ရေးသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- အီရစ်ဆင်ကို ဒေါ့မွန်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။
- ဗီလာဂိုးသမားကီဗင်ကို ဟားလ်စီးတီးက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- မန်ယူသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေသော စီရိုနယ်ဒိုအား ရီးရဲမက်ဒရစ်က ကမ္ဘာ့လုပ်ခလစာအများဆုံးပေးပြီး ဆက်လက်ထိန်းသိမ်းရန် စီစဉ်နေသည်။
- ခရစ္စတယ်ပဲလေ့စ်နှင့် ဝက်စ်ဟမ်းတို့သည် ဘာစီလိုနာနောက်ခံလူဘာတရာအား အငှားခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- စပါးတောင်ပံကစားသမား ဂါရက်ဘေးလ်ကိုခေါ်ယူရန် ရီးရဲမက်ဒရစ်က ညှိနှိုင်းနေပြီဖြစ်သည်။
- ဖီအိုရင်တီးနားအသင်းတိုက်စစ်မှူး စတီဖင်ဂျိုဗီတစ်ကို ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့အပြိုင်ခေါ်ယူရန် ကြိုးစားနေပြီဖြစ်သည်။
- မန်စီးတီးအသင်းသည် တိုက်စစ်မှူးတီဗက်ဇ်ကို စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ဆွေးနွေးလျက်ရှိသည်။
- စပါးအသင်းက အသက် ၃၁ နှစ်အရွယ်ရှိ ဘာစီလိုနာတိုက်စစ်မှူး ဒေးဗစ်ဗီလာကို ပေါင်သန်း ၃၀ ဖြင့်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်း ရှင်းလင်းမှုဖိတ်ကြားခြင်း

အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနက စာနယ်ဇင်းများနှင့် ပြည်သူများအား ရှင်းလင်းတင်ပြသည့်အခမ်းအနားကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် စာနယ်ဇင်းသမားများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ရက်စွဲ - ၈-၆-၂၀၁၃ ရက် (စနေနေ့)
အချိန် - နံနက် ၁၀ နာရီ
နေရာ - ဗဟိုပုံနှိပ်စက်ရုံ၊ အစည်းအဝေးခန်းမ၊ ၂၂၈-သိမ်ဖြူလမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာန

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ပြည်တွင်းလုပ်ငန်းရှင်များအား ဟိုတယ်လုပ်ငန်းများလုပ်ကိုင်နိုင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါဟိုတယ်များနှင့် ဧည့်ဂေဟာများအား ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ဟိုတယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေး ခေါ်ယူအပ်ပါသည်။

(က) ကျိုင်းတုံဟိုတယ်(သစ်) အခန်း(၁၀၈)ခန်း၊ မြေ ၄ ဒသမ ၁၆၆ ဧက၊ အမှတ်(၅)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊
(ခ) နန်းမြိုင်ဟိုတယ် အခန်း(၃၂)ခန်း၊ မြေ ၁၅ ဒသမ ၂၂ ဧက၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး၊
(ဂ) သီရိမြိုင်ဟိုတယ် အခန်း(၇)ခန်း၊ မြေ ၇ ဧက၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး၊
(ဃ) ဂန္ဓမာမြိုင်ဟိုတယ် အခန်း(၅)ခန်း၊ မြေ ၂ ဒသမ ၉၆ ဧက၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး၊
(င) မြောက်ဦးဟိုတယ် အခန်း(၂၄)ခန်း၊ မြေ ၅ ဒသမ ၅၄ ဧက၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်၊
(စ) နယူးချောင်းသာဟိုတယ် အခန်း(၂၇)ခန်း၊ မြေ ၃ ဒသမ ၀၈ ဧက၊ ချောင်းသာကမ်းခြေ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊
(ဆ) ပြင်ဦးလွင်ဧည့်ရိပ်သာ၊ မြေ ၂၂ ဒသမ ၆၈ ဧက၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး၊
(ဇ) ကျောက်ဆည်ဧည့်ရိပ်သာ၊ မြေ ၅ ဒသမ ၈၅၇ ဧက၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး၊

၂။ တင်ဒါတင်သွင်းသူသည် ဟိုတယ်(သို့မဟုတ်)ဧည့်ဂေဟာတစ်လုံးသာလျှင် အဆိုပြုတင်သွင်းခွင့်ရှိသည်။ ဟိုတယ်(သို့မဟုတ်) ဧည့်ဂေဟာတစ်လုံးထက် ပိုမိုတင်သွင်းထားပါက အဆိုပြုလွှာကို ပယ်ဖျက်ပါမည်။
၃။ ဤဝန်ကြီးဌာနမှ ဟိုတယ်များအား လက်ရှိငှားရမ်းလုပ်ကိုင်နေသူများ တင်ဒါတင်သွင်းခွင့်မရှိပါ။
၄။ တင်ဒါပုံစံများအား ၃-၆-၂၀၁၃ ရက်မှစ၍ ဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)တွင် တစ်စုံလျှင် ကျပ် ၂၀၀၀၀/- ဖြင့် ဝယ်ယူနိုင်ပါသည်။
၅။ ဖော်ပြပါ ဟိုတယ်များနှင့်ဧည့်ဂေဟာများအား (၁၅) နှစ် ငှားရမ်းသွားမည်ဖြစ်ပြီး ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်သို့ ၂၅-၆-၂၀၁၃ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း လက်ခံသွားမည်ဖြစ်ပြီး ယင်းနေ့ ၁၄း၀၀ နာရီတွင်ပင် တင်ဒါတင်သွင်းသူများ၏ ရှေ့မှောက်တွင် ဖွင့်ဖောက်ကြေညာမည်ဖြစ်ပါသည်။
၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၀၆၁၀၃၊ ၄၀၆၁၀၄

သရုပ်ဆောင်သစ်များကို ဖိတ်ခေါ်ပါသည်

OSCAR MOVIE School မှ ဒါရိုက်တာ အကယ်ဒမီကိုကိုလေး ရိုက်ကူးမည့် **တမလွန်ကိုကျော်၍** DVD ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရန် အမျိုးသား အမျိုးသမီး သရုပ်ဆောင်သစ်များကို ဖိတ်ခေါ်ပါသည်။

လျှောက်လွှာပုံစံများကို အောက်ပါလိပ်စာတွင် အခမဲ့ထုတ်ယူနိုင်ပါပြီ။

အမှတ်(၁၁၈)၊ ပထမထပ်၊ မိုးကောင်းလမ်းမ၊ ရန်ကင်း၊ ရန်ကုန်မြို့၊ ယာမာဟာစန္ဒရားကုမ္ပဏီနှင့် ဘေးချင်းကပ်လျက်၊ အောင်အောင်ကဖီး၏ အပေါ်ထပ်၊

ဖုန်း-၀၉-၇၃၀၉၀၄၆၀၊ ၀၉-၅၀၃၆၄၀၇

တစ်ဦးတည်းဖြစ်ကြောင်း

ကျွန်တော် မောင်ထွန်းအောင်နိုင် ၁၂/ဥကတ(နိုင်)၁၈၅၈၁၀ကိုင်ဆောင်ထားသူနှင့် မောင်ထွဋ်ထွဋ်နိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်ထွန်းအောင်နိုင်(ခ)မောင်ထွဋ်ထွဋ်နိုင်
၁၂/ဥကတ(နိုင်)၁၈၅၈၁၀

မိဘအမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ရောင်ပြစ်ကွင်းအုပ်စု၊ သုံးခွကျေးရွာ အလက(ခွဲ)မှ နဝမတန်းပညာသင်ယူမည့် မအိမြတ်သဇင်၏ မိဘအမည်မှန်မှာ ဦးသန့်ဇင်နှင့် ဒေါ်မြင့်မြင့်ဌေးတို့ ဖြစ်ပါကြောင်း။

ဖခင်-ဦးသန့်ဇင်နှင့် မိခင်-ဒေါ်မြင့်မြင့်ဌေး

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

စားသောက်ဆိုင်များတွင်ကောက်ခံထားသည့် ကုန်သွယ်လုပ်ငန်းခွန်များ နိုင်ငံတော်သို့ အမှန်ရောက်ရှိစေရေး ကူညီကြပါရန်

မေတ္တာရပ်ခံချက်

- နိုင်ငံတော်သည် အခွန်အကောက်ရငွေများဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လုံခြုံရေးစသည့် ပြည်သူ့အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များတွင် သုံးစွဲရပါသည်။
- ယင်းကိစ္စအလို့ငှာ စားသောက်ဆိုင်တွင် ကျသင့်ငွေ၏ ၅ ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ကောက်ခံလျက်ရှိပါသည်။
- ထိုအခွန်ငွေ ၅ ရာခိုင်နှုန်းကို စားသောက်ဆိုင်မှ နိုင်ငံတော်သို့ အမှန်ပေးသွင်းစေရေး ကြပ်မတ်နိုင်ရန်အတွက် ပြေစာကို တောင်းယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၆ လမ်း၊ တိုက်အမှတ် ၂၃၉/၂၄၁၊ အခန်းအမှတ် ၃၀၁ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်အေးမြင့်ထံမှ မေတ္တာဖြင့် အပိုင်ပေးစာချုပ်စာတမ်းဖြင့်ရရှိထားသူ ဦးသူရလှိုင် ၉/ပမန(နိုင်)၀၀၀၂၃၇ က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း

အမှတ် ၄၉၄၊ ဘုရင့်နောင်ရိပ်သာ၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်နေ ဒေါ်စိုးမြင့်မာ (ISN ၆၀၄၉၈၇)က တရားဝင်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ရွာသစ်အနောက်ပိုင်း၊ ဦးပိုင်အမှတ် ၉၉-၄၀၀ A ၊ ခြံအမှတ် ၇၇၅၊ အောက်မင်္ဂလာဒုံလမ်းမပေါ်ရှိ အကျယ်ပေ (၃၀×၂၂၀) မြေကွက်အား တရားဥပဒေနှင့်အညီ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်၍ ဥပဒေနှင့်အညီ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကြေညာသည့်ရက်မှ ၇ ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူအပေါင်းအား သိစေအပ်ပါသည်။

ဦးကျော်ကျော်နိုင်
၁၂/ဥကတ(နိုင်)၁၅၅၂၂၂
ဖုန်း-၀၉-၅၁၄၅၁၅၁၊ ၀၉-၇၃၀၀၇၅၀၇

ကြော်ငြာ

(၅၀)နှစ်ပြည့်ရွှေရတုမင်္ဂလာဆုတောင်း

နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု (တန်ဖိုးမြှင့်ထုတ်ကုန် အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်)၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အစည်းမှ ချီးမြှင့်သည့် နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ထူးချွန်ပထမဆု၊ လူမှုထူးချွန်ဒုတိယဆုရ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဖေဖေ သုခမ္မကဏီဇောတဓရ ဦးဝင်းမောင် + မေမေ သုခမ္မသိဂီ ဒေါ်မြရင်

မြဘုရင် နို့ချက်စက်ရုံ နှင့် **မြဘုရင်** သကြားစက်(ရွှေညောင်) တို့၏

၃၁ - ၅ - ၂၀၁၃ ရက်နေ့တွင်ကျရောက်သော

(၅၀)နှစ်ပြည့်ရွှေရတုမင်္ဂလာရက်မြတ်မှသည်

နောင်နှစ်ပေါင်းများစွာတိုင်အောင် သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ ကျန်းမာပျော်ရွှင် ချမ်းမြေ့စွာဖြင့် သာသနာ့အကျိုး၊ တိုင်းပြည်အကျိုး ဆထက်တိုး၍ ပြုလုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သား၊ သမီးများ
- ဦးဝင်းမိုလ်(ခ)ဦးမိုးကျော်+ဒေါ်နီနီဦး
- ဒေါ်စန္ဒာဝင်း(ခ)မချို
- ဦးခင်မောင်ဌေး+ဒေါ်ကေသီဝင်း
- Dr. မျိုးဝဏ္ဏအောင်+ဒေါ်ချစ်စုဝင်း

မြေးများ
- မဖြိုးမဥ္ဇူ၊ မပိုးပွင့်ဖြူ
- မောင်ဟိုင်းလုံ၊ မောင်မင်းနိုင်သူ+မအဲမွန်လေး
- မောင်ရှိန်းထက်ဝဏ္ဏ၊ မမြတ်နိုးသဒ္ဒါမောင်

မြဘုရင် နို့ချက်စက်ရုံ
ရဲစုရပ်၊ ကျောက်ဆည်မြို့
မန္တလေးတိုင်းဒေသကြီး

မြဘုရင် သကြားစက်(ရွှေညောင်)
တောင်လေးလုံး၊ ရွှေညောင်မြို့
ရှမ်းပြည်တောင်ပိုင်း

မြန်မာ့လွတ်လပ်ရေးသမိုင်းကို ပြောပြသော ကန်ပြားရွာ ရှေးဟောင်းဇရပ်

မကွေး မေ ၃၀

ကန်ပြားရွာသည် မကွေးမှ ခုနစ်မိုင်ဝေးပြီး မကွေး - နတ်မောက် ကားလမ်းဘေး၌ရှိသည်။ အိမ်ခြေ ၆၀၀ ကျော်ခန့်ရှိပြီး ကားလမ်းဘေး၌ ရှေးဟောင်းဇရပ်နှစ်ဆောင်ကို ခားလွယ်ခုတ် အနေအထားတွေ့ရသည်။ တစ်ခုသောဇရပ်ဘေး၌ ရှေးဟောင်းရေချမ်းစင်တစ်ခုလည်းတွေ့ရသည်။

"ဒီဇရပ်နှစ်ဆောင်ဟာ မကွေးနဲ့ နတ်မောက် ကားလမ်းမဖောက်ခင်ကတည်းက ဆောက်ခဲ့တာလို့သိရတယ်။**(ယာပုံ)** ခုဆိုနှစ်ပေါင်း ၁၀၀ ကျော်သွားပြီ။ ရှေးတုန်းက နတ်မောက်က လူတွေ မကွေးလာပြီး ဈေးရောင်း ဈေးဝယ်ကြတယ်။ နွားလှည်းတွေအုပ်စုဖွဲ့ပြီးလာကြတာ။ ခရီးတစ်ထောက်အဖြစ် ဒီဇရပ်နှစ်ဆောင်မှာ ခွဲပြီးနားကြတယ်။ လှည်းတွေဖြုတ်ကြတယ်။ ချက်ပြုတ်စားသောက်ကြတယ်။ လှည်းအုပ်စုတွေဟာ လှည်း ၁၅ စီး၊ အစီး ၂၀ ကျော်လောက်ရှိတယ်။ နွားတွေအတွက် ဒီနေရာမှာ စားကျက်ပေါတယ်။ ရေကန်နဲ့လည်းနီးတော့ ရေလည်းပေါတယ်။ လူတွေအတွက် ရေချမ်းစင်ဆောက်ပေးထားတယ်။ ရေချမ်းစင်မှာထားတဲ့အိုးကြီး ခုထိရှိသေးတယ်။ တချို့လည်းကွဲကုန်ပြီး သောက်ရေနဲ့ ချက်ဖို့ပြုတ်ဖို့ ရေအတွက် ဒါနပြုထားတာ။ လူတွေက ဇရပ်ပေါ်

အိပ်ကြ၊ နားကြပေါ့။ ဒီလှည်းအုပ်စုတွေမှာ ရောင်းဖို့ ဒေသထွက်သီးနှံတွေအပြင် အင်ဖက်၊ ထင်း၊ မီးသွေးတွေပါတယ်။ အဲဒါတွေကို မကွေးမှာရောင်းပြီး လိုအပ်တဲ့ ငါးပိ၊ ငါးခြောက်၊ ဆန်၊ ဆီ၊ ဆားတွေဝယ်ပြီး ပြန်ကြတယ်။ အသွားတစ်ခါ အပြန်တစ်ခါ ဒီဇရပ်မှာနားကြတယ်" ဟု ကန်ပြားရွာဒေသခံ ဦးဇော်ဝင်းက ပြောသည်။

"နောက်ရှိသေးတယ်။ လွတ်လပ်ရေးခေတ်ဦးကာလ ပြည်တွင်းစစ်မီးတောက်လောင်နေတဲ့အချိန် ရဲဘော်ဖြူ-နီ-ဝါရောင်စုံသူပုန်ထကြွချိန် ဒီဇရပ်နားမှာ တိုက်ပွဲတွေဖြစ်ခဲ့တယ်။ ဟိုဘက်ဒီဘက် ပစ်ကြခတ်ကြနဲ့ ဇရပ်မှာ ကျည်ဆန်ရာတွေ ခုထိရှိသေးတယ်" ဟု ပြောသည်။

"နောက်ပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ ဗိုလ်ချုပ်အောင်ဆန်း ဖြတ်သွားရင်း ဒီဇရပ်ပေါ်မှာ ဒေသခံလူထုကို တရားဟောဖူးတယ်။ ကျွန်တော့်မိဘများပြန်ပြောပြလို့ သိရတာ။ ဗိုလ်ချုပ်က ဘာကိုအဓိကထားဟောသလဲဆိုတော့ လူငယ်တွေ ပညာတတ်အောင်ကြိုးစားဖို့၊ လူကြီးတွေက လူငယ်တွေကို ပညာတတ်အောင် သင်ပေးဖို့ဟောတယ်။ နောက်ပြီး ချစ်တီးတွေနဲ့ မြေရှင်တွေဆင်းရဲသားများအပေါ် ဂုတ်သွေးစုပ် အမြတ်ကြီးမစားဖို့ကို အဓိကထားပြီး ဟောသွားတယ်လို့ ကျွန်တော့်မိဘများ ပြောလို့သိရတယ်" ဟု ဦးဇော်ဝင်းက ပြောသည်။

မကွေးမြို့နယ် ကန်ပြားကျေးရွာ တာလမ်းဘေးက ဗိုလ်ချုပ်အောင်ဆန်း တရားဟောခဲ့သော ရှေးဟောင်းဇရပ်ကလေးမှာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအား သက်မဲ့ဝိညာဉ်တစ်ခုအဖြစ် ယနေ့တိုင် မြင်တွေ့ရဆဲဖြစ်ပါသည်။ **မကွေးလှမြင့်**

စိုက်ပျိုးရေးလုပ်ငန်းများ၌ အလုပ်သမားရှားပါးမှုကြုံတွေ့လာ

မိတ္ထီလာ မေ ၃၀

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၌ အလုပ်သမားရှားပါးမှု ပြဿနာများ ကြုံတွေ့နေရကြောင်း သိရသည်။

"အလုပ်သမားရှားတာက ကျွန်မတို့မှာ ဆံပင်ကျွတ်ရှင်းလုပ်ငန်း၊ ငရုတ်သီးအညှာခြွေလုပ်ငန်းနဲ့ စက်ရက်ကန်းလုပ်ငန်းတွေမှာ အလုပ်ဝင်နေကြတယ်။ တောထဲမှာ အငှားလိုက်ရင် တစ်နေ့ ၁၅၀၀ ရရှိပြီး အလုပ်ရှင်က ထမင်းတစ်နပ်ကျွေးပါတယ်။ တောထဲ နေပူပူမှာလုပ်ရတာဆိုတော့ နေရိပ်ထဲမှာလုပ်ကိုင်ရတဲ့ ဆံပင်ကျွတ်ရှင်းလုပ်ငန်း၊ စက်ရက်ကန်းလုပ်ငန်းနဲ့ ငရုတ်သီးအညှာခြွေလုပ်ငန်းတွေပဲ အများစုက လုပ်ကြတယ်။

"အဲဒီအလုပ်တွေက တစ်နေ့ ငွေကျပ် ၁၃၀၀ မှ ၁၅၀၀ လောက်ရပါတယ်။ ဒီအလုပ်က နွေ၊ မိုးဆောင်း လုပ်နိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းက မိုးတွင်းကျမှလုပ်ကိုင်ရတာပါ။ အလုပ်ရှင်ကလည်း သူ့အလုပ်ပျက်ပြီး တောထဲကို အလုပ်လုပ်ရင် တောအလုပ်ပြီးတဲ့အခါ လုပ်ကိုင်ခွင့်မပေးကြပါဘူး။ ဒါကြောင့် မိုးတွင်းမှာလည်း အလုပ်ဆက်လုပ်ကြလို့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ အလုပ်သမားရှားပါးမှုပြဿနာကြုံတွေ့နေရခြင်းဖြစ်ပါတယ်" ဟု ဆံပင်ကျွတ်ရှင်းသည့် အမျိုးသမီးအလုပ်သမားတစ်ဦးက ပြောကြားသည်။

မျိုးမင်း(သာစည်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သီးနှံစိုက်ပျိုးရေးဓာတ်မြေဩဇာနှင့်ဆေးဝါးများ တရားဝင်မှတ်ပုံတင်ဆိုင်များ၌ ဝယ်ယူအသုံးပြုရန်လိုအပ်

မိုးညှင်း မေ ၃၀

လယ်ယာသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့်ပတ်သက်၍ မသိနိုင်သော သင်္ကေတစာလုံးများဖြင့် ပြင်ပမှ အများအပြားဝင်ရောက်လျက်ရှိနေပါကြောင်း၊ ပေါ်ပေါက်နေသည့်ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကိုစစ်ဆေးရန်ရှိမရှိ သုံးစွဲရန်သင့်မသင့်နှင့်ပတ်သက်၍မိုးညှင်းမြို့နယ်အင်းကုန်းကျေးရွာ တောင်သူဦးညွန့်အောင်က ပြည်နယ်အဆင့်၊ခရိုင်အဆင့်၊မြို့နယ်အဆင့်စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများကို မေးမြန်းသည်။

တာဝန်ရှိများက ဖြေကြားရာတွင် လယ်ယာသီးနှံစိုက်ပျိုးရေးကို မထိခိုက်စေရန် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို စမ်းသပ်စစ်ဆေးပေးလျက်ရှိပါကြောင်း၊ မသုံးစွဲသင့်သည်များကို သုံးစွဲမိလျှင် စိုက်ပျိုးသီးနှံကို ထိခိုက်နိုင်ပါကြောင်း၊ တောင်သူတို့၏အကျိုးစီးပွားကိုလည်း ထိခိုက်ပါကြောင်း၊ သီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်ချက်အရအသုံးပြုလျှင် လတ်တလော အကြံပြုချင်သည်မှာ ဆေးဝါးပစ္စည်းများရောင်းချပါက တရားဝင်မှတ်ပုံတင်ကြရပါကြောင်း၊ မှတ်ပုံတင်ထားသောဆိုင်တွင် မြန်မာစာဖြင့် အညွှန်းပါသော ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးများကို အသုံးပြုခြင်းဖြင့် ဆိုးကျိုးများ ကင်းစေနိုင်မည်ဖြစ်သည်။ **(၀၆၃)**

သတိပေးချက်

၁။ မီးလောင်မှု ဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသော အချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extingulsher)ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန်မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။ **မီးသတ်ဦးစီးဌာန**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ (၃)လ (၂၀၁၃ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ စက်ယန္တရားများ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃၁-၅-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၄-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ရေယာဉ်(၂)စင်းအား ကိုယ်ထည်ပိုင်းနှင့် အင်ဂျင်ပိုင်းပြင်ဆင်ခြင်းအတွက် ဈေးပြိုင်ပေးသွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁-၇-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၁၆း၃၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ (ရုံးချုပ်) ဖုန်း-၀၆၇-၄၁၄၁၈၄၊ ၄၁၄၀၈၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့
ရုံးအမှတ်(၅၁)၊ နေပြည်တော်
ဆေးတင်ဒါအိတ်ဖွင့်ဈေးနှုန်းလွှာခေါ်ယူခြင်း
(Opened Tender)

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့လက်အောက်ရှိ ဆေးရုံကြီးများနှင့် ဆေးခန်းများတွင် အသုံးပြုရန်လိုအပ်သော ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
တင်ဒါပိတ်မည့်ရက် - ၁-၇-၂၀၁၃ရက် ၁၆း၀၀နာရီ
၂။ တင်ဒါပုံစံများကို အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊ ရုံးအမှတ်(၅၁)နေပြည်တော်နှင့် လူမှုဖူလုံရေးအဖွဲ့၊ အလုံပင်မဆေးသိုလှောင်ရေးဌာန၊ ကမ်းနားလမ်းနှင့် အောင်ရတနာလမ်းထောင့်၊ သခင်မြပန်းခြံအနီး၊ ရန်ကုန်မြို့တွင် ၃၁-၅-၂၀၁၃ရက်မှစတင်၍ ရုံးချိန်အတွင်း တင်ဒါပုံစံများကို ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး (ဆေးဌာန) လူမှုဖူလုံရေးအဖွဲ့၊ နေပြည်တော်နှင့် တာဝန်ခံဆရာဝန်၊ ပင်မဆေးသိုလှောင်ရေးဌာနကို အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆေးဌာန
လူမှုဖူလုံရေးအဖွဲ့၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၀၂၈၁၊ ၀၆၇-၄၃၀၂၈၂၊ ၀၁-၂၂၁၅၀၈

စက်မှုဝန်ကြီးဌာန
စက်မှုစီမံကိန်းဦးစီးဌာန
ရုံးအမှတ် ၃၀၊ အစည်းအဝေးခန်းမ (၂)
အကြီးစားမွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀၊ အစည်းအဝေးခန်းမ (၂) အကြီးစားမွမ်းမံခြင်းလုပ်ငန်းအတွက် တင်ဒါခေါ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၇-၆-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးရုံး၊ စက်မှုစီမံကိန်းဌာန
စက်မှုစီမံကိန်းဦးစီးဌာန
ရုံးအမှတ် ၃၀၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၅၀၅၁၊ ၄၀၅၁၅၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ နေပြည်တော်၊ ရန်ကုန်၊ မကွေး၊ ဘားအံ၊ ညောင်ရွှေမြို့နယ်တို့တွင် သာသနာရေးမှူးရုံးများ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်မည်ဖြစ်ပါ၍ ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	မြို့နယ်	အဆောက်အအုံအမျိုးအစား
(က)	မကွေး	သာသနာရေးမှူးရုံးအဆောက်အအုံ(RC-တစ်ထပ်) (၅၀'× ၂၆'× ၁၂')
(ခ)	ဘားအံ	သာသနာရေးမှူးရုံးအဆောက်အအုံ(RC-နှစ်ထပ်) (၃၆'× ၂၀'× ၂၀')
(ဂ)	နေပြည်တော်	သာသနာရေးမှူးရုံးအဆောက်အအုံ(RC-နှစ်ထပ်) (၄၀'× ၆၅'× ၂၂')
(ဃ)	နေပြည်တော်	အရာရှိအိမ်ရာအဆောက်အအုံ(RC-နှစ်ထပ်) (၄၀'× ၅၅'× ၂၂')
(င)	နေပြည်တော်	နှစ်ခန်းတွဲ အရာရှိ အိမ်ရာအဆောက်အအုံ(RC-တစ်ထပ်) (၄၀'× ၁၁၀'× ၁၂')
(စ)	နေပြည်တော်	ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ(RC-နှစ်ထပ်) (၃၈'× ၉၄.၅'× ၂၀')
(ဆ)	မရမ်းကုန်း	ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာသုံးလုံးအဆောက်အအုံ (RC-နှစ်ထပ်) (၃၈'× ၉၄.၅'× ၂၀')
(ဇ)	ညောင်ရွှေ	သာသနာရေးမှူးရုံးအဆောက်အအုံ (အုတ်ညှပ်-တစ်ထပ်) (၃၆'× ၃၀'× ၁၀')

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ ဗိသုကာပုံစံများကို ၅-၆-၂၀၁၃ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၁-၆-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ သာသနာရေးဦးစီးဌာန(ငွေစာရင်း) ရုံးအမှတ်(၃၁)၊ နေပြည်တော်ဖြစ်ပါသည်။
၄။ သတ်မှတ်ရက်၊ အချိန်ထက်ကျော်လွန်နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၅။ တင်ဒါစည်းကမ်းသတ်မှတ်ချက်များနှင့်လျှောက်လွှာပုံစံများကို သာသနာရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ ဖုန်း-၀၆၇-၄၀၆၂၃၂၊ ၀၆၇-၄၀၆၀၄၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သာသနာရေးဦးစီးဌာန

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်နေ ဒေါ်ချိုချိုဝင်း ၁၃/မရတ(နိုင်)၀၁၁၂၃၅၏သား မောင်နိုင်လင်းထွန်း ၉/လဝန(နိုင်)၂၅၁၅၉၁သည် မိဘတို့၏ဆိုဆုံးမတားမြစ်မှုတို့ကို လက်မခံဘဲ မိမိသဘောအတိုင်းပြုလုပ်သွားပါသဖြင့် ၎င်း၏ပြုမူချက်များကို အသိအမှတ်မပြုသလို ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မိခင်-ဒေါ်ချိုချိုဝင်း
နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)တွင် [illegible]
(က) [illegible]
(ခ) [illegible]
(ဂ) [illegible]
၂။ [illegible]

[illegible]
သာသနာရေးဝန်ကြီးဌာန [illegible]
ရုံးအမှတ်(၃၁)၊ နေပြည်တော်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အောက်ဆီဂျင်ထုတ်စက်ရုံ အဆောက်အအုံ ပန္နက်တင်

ထားဝယ် မေ ၃၀

ပါရမီမြောက်ကုသိုလ်ဖြစ် အရေးပေါ် အောက်ဆီဂျင်လှူဒါန်းရေး အောက်ဆီဂျင်ထုတ်စက်ရုံအဆောက်အအုံပန္နက်တင်မင်္ဂလာအခမ်းအနားကို မေ ၂၆ နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကြက်သံဒိုင်းကြက်မင်းစေတီဘေးရှိ မြေကွက်လပ်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင် ဦးဇော်လွင်-ဒေါ်ညိုညိုခင်တို့က ပန္နက်တင်ပေးခဲ့ကြောင်း သိရသည်။ **စိမ်း(ခရိုင်ပြန်/ဆက်)**

ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံမှ ခေါင်းဆောင်များ လွိုင်ကော်မြို့၌ တွေ့ဆုံ

လွိုင်ကော် မေ ၃၀

ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံမှ ခေါင်းဆောင်များ တွေ့ဆုံပွဲကို မေ ၂၈ ရက် မွန်းလွဲ ၂ နာရီက လွိုင်ကော်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်စိုးနှင့် လူမှုရေးဝန်ကြီး ဦးကိုးရယ်ကို တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်လာသော ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပြည်သူများ၏ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်

မူဆယ် မေ ၃၀

တောင်သူလယ်သမားများ သားစဉ်မြေးဆက်ဘဝအာမခံချက်ရရှိစေမည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် တုန်ခန်ကျေးရွာအုပ်စုနှင့် တိန်းလုံကျေးရွာအုပ်စုရုံးတို့တွင် မေ ၂၆ ရက် နံနက် ၈ နာရီမှစတင်ပြီး တစ်ဆက်တည်းကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူနှင့် ဒေသဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များက တက်ရောက်လာသော တောင်သူလယ်သမား ၂၁၂ဦးအားလယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကိုလက်ရောက်ပေးအပ်ကြသည်။ **(ဓာတ်ပုံ)**

အဆိုပါ လယ်ယာမြေသားစဉ်မြေးဆက် လုပ်ပိုင်ခွင့်ပြုလက်မှတ်ကို ယခုအချိန်ထိ မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ်ခွဲ၌လည်း ၁၉၀ ထုတ်ပေးပြီး မူဆယ်တစ်ခရိုင်လုံးတွင် ၈၁၀ ထုတ်ပေးခဲ့ပြီး ဖြစ်သည်။

အဆိုပါပေးအပ်ပွဲတွင်တိုင်းရင်းသားပြည်သူများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရေးအတွက် သိကောင်းစရာဥပဒေများ လက်ကမ်းစာစောင်ကို ဒေသခံ **ရှမ်း၊ ကချင်၊ ပလောင်** တိုင်းရင်းသားဘာသာစကားဖြင့် ဘာသာပြန် ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး (iprd)**

ဆိုင်ကယ်နှင့်ကားချိတ်မိရာမှ လူသေဆုံးမှုဖြစ်

ညောင်လေးပင် မေ ၃၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၁၀၂/၇နှင့် ၁၀၃/၀ အကြား မေ ၂၄ရက် ညနေ၃နာရီခန့်က ညောင်လေးပင်မြို့ဘက်မှ ပိန်းဇလုပ်မြို့ဘက်သို့ သန်းစိုးဦး(၂၄နှစ်) ရွှေကျင်မြို့နေသူမောင်းနှင်ပြီး မစန္ဒာဝင်း(၁၆ နှစ်)နှင့် မဇင်မေလှိုင်(၁၆နှစ်)တို့လိုက်ပါလာသော နက်ပြာရောင်ဆိုင်ကယ်နှင့်ညောင်လေးပင်မြို့ဘက်မှ ပိန်းဇလုပ်မြို့ဘက်သို့ ယာဉ်မောင်းတင်ဇော်မိုး (၄၂ နှစ်)ပြွန်တန်ဆာမြို့နေသူမောင်းနှင်လာသောနီဆန်း ၁၂ဘီးယာဉ်တို့က ရပ်ထားသောကားကို အပြိုင်ကျော်တက်ကြစဉ် ကားယာဘက်ရှေ့ဘီးနှင့်ဆိုင်ကယ်ဝဲဘက် လက်ကိုင်တို့ ပွတ်တိုက်မိပြီး ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် မစန္ဒာဝင်းကိုညောင်လေးပင်ဆေးရုံသို့တင်ပို့စဉ် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်တွင် ယာဉ်မောင်းများဖြစ်ကြသောသန်းစိုးဦးနှင့်တင်ဇော်မိုးတို့ကို ညောင်လေးပင်ရဲစခန်းမှရဲအုပ်ကျော်မျိုးလွင်က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

အိမ်ဆိုင်များကို ဓာတ်အားခတစ်ယူနစ် ၃၅ ကျပ်နှုန်းနှင့် ၇၅ ကျပ်နှုန်းကောက်ခံရန် စစ်ဆေး

ခင်ဦး မေ ၃၀

ရွှေဘိုခရိုင်ခင်ဦးမြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးအောင်မြင့်စိုးနှင့်အဖွဲ့၊ ကံသစ်ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့ဝင်ဦးခင်မောင်စန်းနှင့် ကံသစ်ကျေးရွာ ဖွံ့ဖြိုးရေးအထောက်အကူပြုဥက္ကဋ္ဌ ဦးနိုင်ဝင်းတို့သည် ကံသစ်ကျေးရွာရှိ အိမ်ဆိုင်၊ ဈေးဆိုင်များတွင် တပ်ဆင်သုံးစွဲလျက်ရှိသော ဝန်အားနှင့်လျှပ်စစ်ဓာတ်အားခ တစ်ယူနစ် ၃၅ ကျပ်နှုန်းနှင့် ၇၅ ကျပ်နှုန်းကောက်ခံသော ဈေးဆိုင်များကို မေ ၂၈ ရက်က စစ်ဆေးခဲ့သည်။

လျှပ်စစ်ဓာတ်အားခ ကောက်ခံရာတွင် ဓာတ်အားခတစ်ယူနစ်ကို ၃၅ ကျပ်နှုန်းဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ဝယ်ယူပြီး အများပြည်သူသုံးအတွက် ၃၅ကျပ်နှုန်းဖြင့်သာ ပြန်လည်ရောင်းချခြင်းဖြစ်ရာ နေအိမ်နှင့်တွဲဖွင့်ထားသည့် ကုန်စုံဆိုင်များကို အခက်အခဲမရှိစေရေးအတွက် လေးပေမီးချောင်းနှစ်ချောင်းနှင့်အောက်ကိုသာ ၃၅ကျပ်နှုန်းဖြင့် ကောက်ခံပြီး လေးပေမီးချောင်း နှစ်ချောင်းအထက်နှင့် လုပ်ငန်းသုံး ရေခဲသေတ္တာပုံးကြီး (Feezer) များအသုံးပြုသော အိမ်ဆိုင်များကို ၇၅ ကျပ်နှုန်းဖြင့် ကောက်ခံကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်စိုးက ရှင်းလင်းပြောကြားကြောင်း သိရသည်။ **ရောင်နီတင်ဝင်း**

မဘိမ်းမြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေး

မဘိမ်း မေ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ်တွင် တောင်သူလယ်သမားများလက်ဝယ်သို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်ပွဲကိုမေ ၂၃ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးသန်းကလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေါင်း ၈၂၂စောင်ကိုတောင်သူလယ်သမားများထံသို့ပေးအပ်ခဲ့သည်။ မဘိမ်းမြို့နယ်တွင်တောင်သူလယ်သမားပေါင်း ၃၀၀၇ဦးကို ယခုနှစ်အတွင်း ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **မဘိမ်း (ပြန်/ဆက်)**

သာသနာရေးဝန်ကြီးဌာန
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
အဆိုပြုအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) **လုပ်ငန်းအမည်** - အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်းလုပ်ငန်း

(၂) **ဆောင်ရွက်မည့်လုပ်ငန်း အမျိုးအစားအတိုင်းအတာ** - ပေ(၄၀×၉၀) ခြောက်ခန်းတွဲလေးထပ် RCC တစ်လုံး

(၃) **တင်ဒါသွင်းမည့်ဈေးနှုန်း** - အဆောက်အအုံတည်ဆောက်ခြင်း၊ အတွင်းအပြင် လျှပ်စစ်မီးသွယ်တန်းခြင်း၊ ရေနှင့်မိလ္လာသွယ်တန်းခြင်း၊ လူ (၁၀၀)ဆံ့ မိလ္လာကန်၊ ဂါလန် (၅၀၀၀)ဆံ့ မြေစိုက်ရေလှောင်ကန်၊ ပတ်လည်ရေမြောင်းနှင့် ကြမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လိုပါသည်။ စုစုပေါင်းကုန်ကျမည့်ငွေကို အသေးစိတ်တွက်ချက်ဖော်ပြရမည်။

(၄) **အပြီးသတ်ဆောင်ရွက်ပေးရမည့်နေ့ရက်** - ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်

(၅) **ငွေပေးချေရန်စနစ်** - ပထမအရစ် ၃၀ရာခိုင်နှုန်း၊ ဒုတိယအရစ် ၂၅ရာခိုင်နှုန်း၊ တတိယအရစ် ၂၅ရာခိုင်နှုန်း၊ လုပ်ငန်းအရည်အသွေးစစ်ဆေးလက်ခံပြီး ၂၀ ရာခိုင်နှုန်း ပေးချေမည်ဖြစ်ပါသည်။ (နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် အကောက်ခွန် ၂ရာခိုင်နှုန်းပေးသွင်းမှုကို ကုမ္ပဏီကကျခံရမည်)

(၆) **အာမခံချက်** - မူလသဘောတူထားသော အရည်အသွေးစံချိန်စံညွှန်းများအတိုင်း ပြုလုပ်ဆောင်ရွက်ပေးရန်နှင့် ရန်သူမျိုးငါးပါးကြောင့် ပျက်စီးမှုမှလွဲ၍ (၅)နှစ် အတွင်း ဖြစ်ပေါ်လာသည့်ပျက်စီးမှုများအား လုပ်ငန်းလက်ခံသူမှ အခမဲ့ ပြန်လည်ပြုပြင်ပေးရမည်။

(၇) တင်ဒါအောင်မြင်သောအဆောက်အအုံနှင့် လုပ်ငန်းများဆောင်ရွက်သော အင်ဂျင်နီယာများသည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ထောက်ခံချက်ရှိပြီးသူဖြစ်ရမည့်အပြင် အဆောက်အအုံလုပ်ငန်းလုပ်ကိုင်ခွင့် ကန်ထရိုက်တာလိုင်စင်ကို ပူးတွဲဖော်ပြရမည်။

(၈) လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိပါက အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ (Sub Contract) ထပ်မံလွှဲပြောင်းခြင်းမပြုကြောင်း ကတိဝန်ခံချက် ပူးတွဲဖော်ပြရမည်။

(၁၀)အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများအား ၂၀-၆-၂၀၁၃ရက် ညနေ ၁၅း၃၀နာရီ နောက်ဆုံးထား၍ အတွင်းရေးမှူး၊ လုပ်ငန်းတင်ဒါကြီးကြပ်ရေးအဖွဲ့သို့ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

(၁၁)အသေးစိတ်သိလိုသောအချက်များကို အတွင်းရေးမှူး၊ လုပ်ငန်းတင်ဒါကြီးကြပ်ရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း -၀၁-၆၅၂၆၂၉သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လုပ်ငန်းတင်ဒါကြီးကြပ်ရေးအဖွဲ့

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
၁	၂	၃
၁။	နေပြည်တော်	နေပြည်တော်ကောင်စီစာရင်းစစ်ရုံး (၇၀'×၅၁'×၁၂')RC နှစ်ထပ်သွပ်မိုး ကွန်ကရစ်ကြမ်းခင်း (၂၀'×၁၅'×၁၀')ဆင်ဝင် ရေ၊ မီး၊ မိလ္လာ၊ ခြံစည်းရိုးအပါအဝင်ဆောက်လုပ်ခြင်း၊
၂။	နေပြည်တော်	ရေဂါလန် ၁၃၅၀၀ ဆံ့ Ground Tank တစ်လုံး၊ Pump House တစ်လုံးဆောက်လုပ်ခြင်းနှင့် ရေမော်တာ လေးလုံးဖြင့် ရေပိုက်လိုင်းသွယ်တန်းခြင်း၊
၃။	နေပြည်တော်	သင်တန်းတိုးချဲ့ဆောင်နှင့် သင်တန်းသူ အဆောင်များအတွက် မြေကာနံရံတည်ဆောက်ခြင်း၊ (၈၃၆'-၆")
၄။	နေပြည်တော်	သင်တန်းသူအဆောင်များတွင် ဝရန်တာသံပန်းနှင့် ပြတင်းပေါက်သံပန်းများ ပြုလုပ်တပ်ဆင်ခြင်း၊ (၇၈၀ စတုရန်းပေ)
၅။	နေပြည်တော်	သင်တန်းသူအဆောင်များတွင် ခြံစည်းရိုး ကာရံခြင်း၊ (Chain Link) (၆၇၃'×၈')
၆။	နေပြည်တော်	ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆောက်အအုံအား ဆေးပြန်လည်သုတ်ခြင်း (ဧရိယာ ရေဆေး ၃၆၁၂၀၈·၀၈ စတုရန်းပေ၊ ဆီဆေး ၂၄၉၆၂·၃၁ စတုရန်းပေ) နှစ်ထပ်
၇။	ရန်ကုန်	မြန်မာနိုင်ငံစာရင်းကောင်စီရုံးခန်းများ အဆင့်မြင့်မွမ်းမံခြင်း (၉၆'×၄၈')

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၁-၆-၂၀၁၃ ရက်မှ ၁၄-၈-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၁၆-၈-၂၀၁၃ ရက်တွင် လျှောက်လွှာများအားလက်ခံခြင်းနှင့် အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်ကြေညာခြင်းအား တစ်ရက်တည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက တင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ပေးသွင်းပြီး လုပ်ငန်းအလိုက် သတ်မှတ်အိတ်ဖွင့်တင်ဒါ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ် (၁၂) နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၃၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ဖခင်အမည်မှန်

နေပြည်တော် အမက(၃) မူလွန်ကျောင်းမှ သတ္တမတန်း(အောင်)ကျောင်းသူ မသင်းနန္ဒာစိုး၏ ဖခင်အမည်မှန်မှာ ဦးငွေမိုးထွန်းဖြစ်ပါသည်။

အမည်ပြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ် (၁၈) ဒုတိယထပ်သုံးလွှာ(ညာဘက်)အခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ တိုက်ခန်းနှင့်ပတ်သက်၍ ၎င်းတိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်ထွဋ်လင်း (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
ဖူးပွင့်စံစာချုပ်စာတမ်းနှင့်ဥပဒေအတိုင်ပင်ခံ
အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၂၂၇၇၄

ဖခင်အမည်မှန်

ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ် အလကကြံခင်းကျောင်း အဋ္ဌမတန်းမှ မောင်ဘောက်အောင်၏ ဖခင်အမည်မှာ ဦးတင့်ဆွေ ၅/ရဥန(နိုင်)၀၄၃၅၆၂ ဖြစ်ပါသည်။

ဦးတင့်ဆွေ

ချင်းတွင်းမြစ်ရေတက်လာမှုကြောင့် ရေယာဉ်များသွားလာမှု အဆင်ပြေ

ကလေး မေ ၃၀

ချင်းတွင်းမြစ်ဖျားဒေသတွင် မေလဆန်းမှစ၍ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေတက်လာပြီး ကုန်စည်စီးဆင်းမှုများ မြန်ဆန်လာကြောင်း သိရသည်။ ဒေသတွင်း အဓိကကုန်စည်ပို့ကုန်များဖြစ်သော ကလေးဝသစ်ချောက်ကျောက်မီးသွေး၊ ဘုတ်ကန်မင်းသမီးတောင်ကျောက်မီးသွေး၊ ခမ်းပတ်ရွာဟောင်းအနီးထွက်ရှိသော ကျောက်မီးသွေးများကို ချင်းတွင်းမြစ်ကြောင်းမှ အဓိကတင်ပို့ကြသည်။

ကလေးဝသစ်ချောက် ကျောက်မီးသွေးများကို မတ်(စ်)မြန်မာ၊ ထူး၊ အားမာန်ကုမ္ပဏီများက အဓိကလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ပို့ဆောင်ပေး

ချင်းတွင်းမြစ်ရေသည် ဆောင်းနှင့် နွေကာလများတွင် ရေကြောင်းကျပ်တည်း၍ ကျောက်မီးသွေးတင် အမြန်ယာဉ်များအနေဖြင့် တန်ချိန် ၁၂၀ ခန့်သာ တင်ပို့နေရသည်။ယခုအခါတွင် ရေကြောင်း ကောင်းမွန်လာပြီဖြစ်၍ ဆောင်းနှင့် နွေကာလများတွင် စုပုံနေသော ကျောက်မီးသွေးများကို အမြန်ရေယာဉ်နှင့် ဖလပ်ပြားသင်္ဘောကြီးများဖြင့်တွဲကာ တန်ချိန် တစ်သောင်းအထိ တင်ဆောင်၍ မုံရွာ၊ မန္တလေးဆိပ်ကမ်းများသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ကုန်စည်စီးဆင်းမှုနှင့် ပတ်သက်၍ အမြန်ရေယာဉ်မောင်းသူတစ်ဦးကပြောကြားရာတွင် "အစုန်ကုန်စည်အနေဖြင့် ဒေသထွက်ပစ္စည်း ဖြစ်သည့် တမူး မိုးရေး ပစ္စည်းများနှင့် မစိန် ခမောက်များ၊ ဖျာများကိုသာ တင်ဆောင်ရပြီး အဆန်ကုန်စည်အနေဖြင့် ကွမ်းရွက်ခြင်းများ၊ ခရမ်းချဉ်သီးများ၊ လူသုံးကုန်ပစ္စည်းမျိုးစုံကို တင်ပို့ပေးရကြောင်းပြောသည်။

ချင်းတွင်းမြစ်ကြောင်းသွားအမြန်ရေယာဉ်ကြီးများသည် အစုန် ကုန်စည်အနေဖြင့် ကျောက်မီးသွေးများကို တင်ဆောင်ကာ မုံရွာ၊ မန္တလေးဆိပ်ကမ်းများသို့ ပို့ဆောင်ပေးနေကြရာ ခရီးအကွာအဝေး၊ အတိုအရှည်ကိုမူတည်၍ သယ်ယူပို့ဆောင်ခ တစ်တန်လျှင် တစ်သောင်းကျပ်မှ နှစ်သောင်းကျပ်အထိ ပေးရကြောင်း ကလေးဝကျောက်မီးသွေးလုပ်ငန်းရှင်တစ်ဦး၏ပြောပြချက်အရ သိရသည်။

ဒေသတွင်း ကျောက်မီးသွေးအတင်အချ လုပ်ငန်းများကြောင့် ကလေးဝမြို့နယ် ကိုင်းကျေးရွာ၊ ကျော်ဇင်ကျေးရွာမှ ကာယလုပ်သားများအနေဖြင့်တစ်နေ့ဝင်ငွေငါးထောင်ကျပ်မှ တစ်သောင်းကျပ်အထိ ရရှိနေကြကြောင်း သိရှိရသည်။

သျှင်နေမင်း

ကျေးရွာနေပြည်သူများသောက်သုံးရေဖူလုံစွာ သုံးစွဲကြရပြီ

နောင်ချို မေ ၃၀

နေပြည်တော် အမှတ်(၁)သတ္တုတွင်းနှင့် အကျိုးတူ အချိုးကျခွဲဝေခံစားသည့်စနစ်ဖြင့် တူးဖော်ဆောင်ရွက်လုပ်ကိုင်နေသော ဆန်းမြန်မာအပြည်ပြည်ဆိုင်ရာ သတ္တုတူးဖော်ရေးလုပ်ငန်းကုမ္ပဏီမှ တာဝန်ရှိသူများ စီစဉ်ဆောင်ရွက်မှုနှင့် ကုလားကွဲကျေးရွာ ရွာဦးထိပ်၌ သောက်သုံးရေဂါလန် တစ်သိန်းကျော်ဆံ့ ရေကန်တစ်ခုအား ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်ကာ စက်ယန္တရားများဖြင့် တူးဖော်ဆောက်လုပ်လှူဒါန်းကြသည်။

ထို့အပြင် နားမွန်းကျေးရွာတွင် သောက်သုံးရေတွင်း အနက် ၄၇ ပေ တူးဖော်လှူဒါန်းခဲ့ရာ ယခုအခါ သောက်သုံးရေဖူလုံစွာ ရရှိနေပြီဖြစ်၍ ကုလားကွဲကျေးရွာ၊ လုံခံကျေးရွာ၊ ကြံခင်းကျေးရွာ၊ နားခါးကျေးရွာ၊ နားမွန်းကျေးရွာတို့ရှိ အိမ်ခြေ၅၀၀ကျော် သောက်သုံးရေ ဖူလုံစွာသုံးစွဲနေရပြီဖြစ်သောကြောင့် အလှူရှင်များအား ကျေးရွာပြည်သူများက ကျေးဇူးတင်ပြောဆိုသံများ ကြားရကြောင်း သိရှိရသည်။ **(ဇော်)**

ပြည်တွင်းသတင်းနှင့်မှုခင်း

လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပေးအပ်

နေပြည်တော် မေ ၃၀

နေပြည်တော်ကောင်စီ နယ်မြေ ကင်မွန်းတန်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူလယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇) ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက်က ကင်မွန်းတန်းအရှေ့ကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာလယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တောင်သူလယ်သမား တစ်ဦးချင်းစီသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်များပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

(၀၂၁)

ညီအစ်ကိုချင်းဆဲဆိုကြိမ်းမောင်းရာမှ ဖြစ်ပွားသည့်လူသတ်မှု

မြင်းမူ မေ ၃၀

မေ ၂၅ ရက် ည ၈ နာရီက မြောင်မြို့နယ် ကင်းရွာ၌ ဦးဇော်(ခ) ဦးဇော်မင်းသည် ဓားမဖြင့် ညီအစ်ကိုတော်စပ်သူ ဦးဝင်းဗိုလ်အား ခုတ်သတ်သည့်အမှုဖြစ်ပွားခဲ့ကြောင်းသိရှိရသည်။

သွားရောက်

ဖြစ်စဉ်မှာ မြောင်မြို့နယ် ကင်းရွာနေ ဦးဝင်းမင်းသူသည် နေအိမ်၌ ရှိနေစဉ် အိမ်ရှေ့လှည်းလမ်း၌ စကားများရန်ဖြစ်သံကြောင့် သွားရောက်သည့်အခါ မိမိ၏ယောက္ခမဖြစ်သူ ဦးဝင်းဗိုလ်(၄၅ နှစ်)နှင့် ယောက္ခမနှင့် ညီအစ်ကိုတော်စပ်သူ ဦးဇော်(ခ) ဦးဇော်မင်း(၄၂နှစ်)တို့ ဆဲဆိုကြိမ်းမောင်းရာမှ ဦးဝင်းဗိုလ်အား ဦးဇော်မင်းက ဓားမဖြင့်ခုတ်သတ်ခဲ့ခြင်းကြောင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကြည်လွင်နှင့်အဖွဲ့အား သေဆုံးသူ၏သားမက် ဦးဝင်းမင်းသူက တိုင်ကြားခဲ့သည့်အမှုဖြစ်သည်။

နယ်ထိန်းအဖွဲ့က ဦးဇော်(ခ) ဦးဇော်မင်းအား ဖမ်းဆီးနိုင်ခဲ့ပြီး မြောင်မြို့နယ်ရဲစခန်းမှူးရဲအုပ်စိုးဝင်းကလက်ခံစစ်ဆေးကာ အမှုအတွက် လိုအပ်သည်များဆောင်ရွက်ပြီး အစ်ကိုဖြစ်သူအား ဓားမဖြင့်ခုတ်သတ်သူ ဦးဇော်(ခ)ဦးဇော်မင်း (၄၂ နှစ်) အား (ပ)၉၂/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂အရ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ကိုကိုနိုင်(မြင်းမူ)



ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ မင်းကွက် အထက(ခွဲ) ဆဋ္ဌမတန်း(A) မှ မောင်ဝင်းမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဝင်းရွှေ ၇/ပတတ(နိုင်) ၀၆၀၈၉၆ ဖြစ်ပါသည်။ **ဦးဝင်းရွှေ**

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ မင်းကွက် အထက(ခွဲ)၊ သတ္တမတန်း(A)မှ မထက်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်အောင်လေး ၁၄/ဝခမ(နိုင်)၁၃၇၉၆၁ ဖြစ်ပါသည်။

ဦးဇော်အောင်လေး

မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
(က) ၂၄/မမ/(CE)
(ခ) ၂၅/မမ/(CE)
(ဂ) ၂၆/မမ/(CE) Motorised Trolley(30)Nos & Thermit Welding Kit for 75 Lb Rail(3000)Nos ဝယ်ယူရန်
ဖုန်း - 294152,291994

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက် (မင်္ဂလာမြို့တော်အိမ်ရာစီမံကိန်း) အောင်သပြေလမ်း၊ တိုက်အမှတ် ၃၈၊ အခန်းအမှတ် ၂၀၂၊ ဒုတိယထပ်(ယာ)တိုက်ခန်းနှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါတိုက်ခန်းနှင့်ပတ်သက်၍ ဦးကြည်ဦး(ခ)လီအင်(ခ)လီကီအင် ၁၂/လမတ(နည့်)၀၀၀၃၁၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်ထွန်းလင်း (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
ဖူးပွင့်စံစာချုပ်စာတမ်းနှင့်ဥပဒေအတိုင်ပင်ခံ
အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၂၂၇၇၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊မင်းလွင်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၀၁၆/ဘီ၊ ကွင်းအမည် ဝိစဲကွင်း၊ ဦးပိုင်အမှတ် (၈၆)၊(၈၇/၂) (၈၈/၃N-2) ဧရိယာဧက ၂၅ ဒသမ ၂၁၈က၊ မြေအမျိုးအစား ငါးကန်မြေ၊ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၂-၁၂-၂၀၁၂ရက်စွဲပါ စာအမှတ် ၂/၃-၂(၁) စီးပွားရေး မြေပုံကူးခွင့်ရရှိပြီး လယ်ယာမြေအခြားနည်းသုံး ၃၀/က (လျှောက်ထားဆဲ)မြေအမျိုးအစားမြေကွက်များနှင့်တကွ ငါးကန်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်လက်ရှိထားသုံးစွဲလျက် လွတ်လပ်စွာရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မျိုးနိုင် ၁၂/လကန(နိုင်)၁၅၅၇၇၈၊ ရန်ကင်း ၄ လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများ၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဖြိုးပြည့်စုံ ဒေါ်သက်သက်လှိုင် ဒေါ်ကျိုးနိုဒိမ် ဒေါ်ရွှေးနွဲ့ LL.B, DBL, DML
အထက်တန်းရှေ့နေများ တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၅၈)
ရုံးအမှတ်-၁၀/၁၂၊ အခန်း ၁၀၄-I၊ ပထမထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၁၁၉၄၇၈

ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ် အလက-၂၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်ရဲလင်းထွန်း၏ဖခင်အမည်မှန်မှာ ဦးမောင်အေးဖြစ်ပါကြောင်း။

ဦးမောင်အေး ၁၂/ဥကမ(နိုင်)၂၂၁၆၃၆

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ကွန်ပျူတာအပိုပစ္စည်းများ
(ခ) လုပ်ငန်းသုံးပစ္စည်းများ
(ဂ) ရုံးသုံးကွန်ပျူတာနှင့် အခြားရုံးသုံးပစ္စည်းများ
(ဃ) ရုံးသုံးပရိဘောဂများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၅-၆-၂၀၁၃ရက်မှစတင်၍ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀နာရီအထိ ရုံးဖွင့်ရက်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ဝယ်ယူမည့် ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာတွင် ရယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၆-၂၀၁၃ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ကိုယ်တိုင် ဤဝန်ကြီးဌာန၊ စုပေါင်းခန်းမ၊ တင်ဒါပုံးထဲသို့ အများရှေ့မှောက်တွင် ထည့်ရမည်၊ သတ်မှတ်ချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ တင်ဒါချိန်ကုန်ဆုံးပြီးနောက် တင်ဒါတင်သွင်းသူများနှင့် ပစ္စည်းတင်ဒါကြီးကြပ်ရေးအဖွဲ့ရှေ့မှောက်တွင် တင်ဒါများဖွင့်လှစ်၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်ကြေညာမည်ဖြစ်ပါသည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်ညီညွတ်၍ အနိမ့်ဆုံးဈေးပေးသွင်းသူအား ရွေးချယ်၍ စာချုပ်ချုပ်ဆိုဝယ်ယူမည်ဖြစ်ပါသည်။

သာသနာရေးဦးစီးဌာန
ရုံးအမှတ် (၃၁)၊ နေပြည်တော်
ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၆၂၃၂၊ ၀၆၇-၄၀၆၀၄၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက် တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No. 08/DHPI/Transmission Line/2013-2014	
1.	36KV Current Transformer	1 Set
2.	36KV SF_6 Gas Circuit Breaker	1 Set
3.	36 KV Disconnecting Switch (with earth switch)	1 Set
4.	36KV Voltage Transformer	1 Set
5.	36KV Lightning Arrester	1 Set
6.	36KV GCB Control and Relay Panel	1 Set
7.	11/0.4KV, 50KVA Transformer	1 No
8.	12KV Vacuum Circuit Braker	1 Set
9.	Battery and Battery Charge (110V, DC)	1 Set
10.	Earthing System	1 Lot
	Tender No.09/DHPI/Spare Parts/2013-2014	
1.	Spare Parts for Geological Machinery	1 Lot

၂။ ပစ္စည်းများ၏ Technical Specification များအား ၂၇-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇူလိုင် ၇ရက် မွန်းတည့် ၁၂နာရီဖြစ်ပြီး ၁၃နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၂၃၁၊ ဖက်စ်-၄၁၁၀၈၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၆)ရပ်ကွက်၊ မြေကွက်အမှတ် ၆၆၆(က)၊ ဧရိယာစတုရန်းပေ အလျား×အနံ ပေ(၂၀×၆၀)၊ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ ၁၉လမ်း၊ အမှတ်(၆၆၆-က)ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်တင်အမည်ပေါက် ပိုင်ဆိုင်ပါသည်။ အဆိုပါအမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၄၁/၂၀၁၃ အရပိုင်ဆိုင်သူ ဒေါ်ကျော့ကေသွယ် ၁၂/လမန(နိုင်)၁၁၄၉၉၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကျန်ငွေများပေးချေပြီး အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သူဇာငြိမ်း (LL.B)
အထက်တန်းရှေ့နေ
အမှတ် ၇၇၉၊ စာဂ ၁၇လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၈၅၀၀၃၂၃

သတင်းဆောင်းပါးနှင့်နယ်သတင်း

မိုင်းဖြတ်မဟာဗျူဟာလမ်းနှင့် ဝမ်ပုံတံတားကြောင့် ဒေသခံများ ဘဝတိုးတက်လာတော့မည်

သတင်းဆောင်းပါး
မောင်ယဉ်ကျေး (တာချီလိတ်)

မိုင်းဖြတ် မေ ၃၀

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိရာ ယင်းတို့အထဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်ခရိုင်နှင့်မိုင်းဖြတ်ခရိုင်တို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် မိုင်းဆတ်-မိုင်းခုတ်-မိုင်းဖြတ် မဟာဗျူဟာလမ်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

အဆိုပါ မိုင်းဆတ်-မိုင်းခုတ်-မိုင်းဖြတ်လမ်းသည် မိတ္ထီလာ-တောင်ကြီး-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်ထားသော မဟာဗျူဟာမြောက် လမ်းတစ်လမ်းဖြစ်ကာ စုစုပေါင်းမိုင်အရှည် ၉၄ မိုင်ရှိပြီး မိုင်းဆတ်နှင့် မိုင်းဖြတ်မြို့များအား အနီးဆုံးနှင့်အချိန်အတိုဆုံးသွားရောက်နိုင်သည့် အရေးပါသောလမ်းတစ်လမ်း ဖြစ်ပေသည်။

"ကျွန်တော်တို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းဖြတ်ခရိုင်အနေနဲ့ ဒီမဟာဗျူဟာလမ်းမကြီးရဲ့ မိုင်တိုင်အမှတ် ၈၂/၀ မှ ၉၄/၀ အထိ ၁၂မိုင်အရှည် လမ်းပိုင်းကို တာဝန်ယူတည်ဆောက်လျက် ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေ ၁၆၁၄ ဒသမ ၁၇သန်းဖြင့် Box Culvert များတည်ဆောက်ခြင်း၊ မူလအကျယ်၁၂ ပေမှ ၃၄ ပေ၊ ပေ ၄၀ အထိအကျယ်ရရှိစေရန် မြေသားလမ်း ချဲ့ထွင်ခြင်း၊ ပျမ်းမျှနှစ်ပေအမြင့် လမ်းတာပေါင်များမြှင့်တင်ခြင်း၊ မတ်စောက်သောနေရာများ၊ လမ်းအနိမ့်အမြင့်မညီသောနေရာများကို မြေသားပြုပြင်ခြင်း၊ခြောက်လက်မထု နှစ်လွှာအမာခံကျောက်များခင်းခြင်း၊ ကတ္တရာ ရေပိတ်လှောလောင်းခြင်း၊ မူလက ဟောင်းနွမ်းနေတဲ့ သစ်သားတံတားများကို သံကူကွန်ကရစ်တံတားများ အဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ကတ္တရာခင်းခြင်းကို မိုင်တိုင်အမှတ် ၉၁/၄မှ ၉၃/၄အထိ ဝမ်းပုံမှာတော့ တွေ့မြင်နေရတဲ့အတိုင်း အကျယ်၁၂ ပေ၊ ထု ၁၀ ဒသမ ၅ပေ ရှိတဲ့သိပ်သည်းပြီး ကတ္တရာလမ်းမကြီး ဖြစ်နေပြီမို့ ဒေသခံပြည်သူများအတွက် အလွန်အသုံးဝင်တဲ့ လမ်းတစ်လမ်း ဖြစ်နေပါပြီ" ဟု မိုင်းဖြတ်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းထက်ဦးက မြန်မာ့အလင်းသို့ ရှင်းပြသည်။ ထို့အပြင် ကျယ်ပြောလှသည့် နှစ်ပေါင်းများစွာ ရေတိုက်စားမှုကြောင့်နိမ့်ကျပြီးတံတားကိုပါ ထိခိုက်ပျက်စီးနိုင်တဲ့ အခြေအနေဖြစ်လာနိုင်တဲ့အတွက် တင်ပြခဲ့ရာမှာ ၂၀၁၂-၂၀၁၃ ပြည်နယ် (အထူးပြင်)ရန်ပုံငွေနဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဦးစီးဌာနမှ တိုင်းတာစစ်ဆေးပုံဖော်ခဲ့ပြီး ရေလယ်တိုင်သုံးတိုင်ကို ခေတ်မီသံကူကွန်ကရစ်ဖြင့် တည်ဆောက်ခဲ့ပါတယ်။ ခွင့်ပြုရန်ပုံငွေ ၁၅၁၅ သိန်းဖြင့် ၂၀၁၂ခုနှစ်ပြီ ၁ရက်မှ စီမံကိန်းစတင်ခဲ့ပြီး ၂၀၁၃ခုနှစ် မတ် ၁၀ရက်မှာ အောင်မြင်စွာပြီးမြောက်ခဲ့ပါတယ်။ တံတားအရှည်ပေ ၂၄၀ရှိပြီး အကျယ်ကတော့ ၁၂ ဒသမ ၆ ပေဖြစ်ပါတယ်။ တံတားကိုယ်ထည်ကတော့နှစ်ထပ်ဘေလီသံပေါင် အမျိုးအစားပါ။ ဒီတံတားကြီးဟာ မိုင်းဖြတ်မြို့နယ်ရဲ့ အဓိကထွက်ကုန်ဖြစ်တဲ့ ဆန်စပါးသယ်ယူပို့ဆောင်ရေး အတွက် များစွာအထောက်အကူပြုတဲ့ တံတားတစ်စင်းဖြစ်ပါတယ်"ဟု မိုင်းဖြတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်က ဝမ်းပန်းတသာဖြင့် ရှင်းပြသည်။

တစ်ချိန်တစ်ခါက တောတောင်ထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှသော မိုင်းဖြတ်ဒေသသည် မကြာမီ အောင်မြင်စွာဖြစ်ထွန်းပေါ်ပေါက်လာတော့မည့် မိုင်းဆတ်-မိုင်းခုတ်-မိုင်းဖြတ်လမ်းမကြီးကို အမှီပြုလျက်လမ်းပန်းဆက်သွယ်ရေးများ ပိုမိုတိုးတက်ကောင်းမွန်လာပြီး ဒေသ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သော လယ်ယာထွက်ကုန်များကို အမြို့မြို့ အနယ်နယ်သို့ တင်ပို့ရောင်းချကာ စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာတော့မည်မှာ မလွဲဧကန်ပင် ဖြစ်ပါကြောင်း မှတ်တမ်းပြု ရေးသားလိုက်ရပါတော့သည်။

သွားနှင့်ခံတွင်းကျန်းမာရေး အခမဲ့ကွင်းဆင်းကုသ

ထားဝယ် မေ ၃၀

ထူးဖောင်ဒေးရှင်းနှင့်မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီတို့ ပူးပေါင်းပြုလုပ်သည့် ဆေးကုသရေးခရီးစဉ်အဖြစ် သွားနှင့်ခံတွင်းကျန်းမာရေးအခမဲ့ကွင်းဆင်းကုသခြင်းကို မေ ၂၆ ရက် နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီးထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်၊ ပြည်သူ့ဆေးရုံ၌ ကုသပေးလျက်ရှိရာ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ တာဝန်ရှိသူများက လိုအပ်သည်များကူညီဆောင်ရွက်ပေးသည်။

အဆိုပါ ဆေးကုသခြင်းကို သွားနှင့်ခံတွင်း ဝေဒနာရှင် ၂၅၀ တက်ရောက်ကုသခဲ့ကြောင်း သိရသည်။ **စိမ်း (မြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ



ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)
P World Company Limited

No (KTA-51) Mingalar Street. FMI City. Hlaing Thar Yar Township Yangon Region. Myanmar Phone 95-1-687605, 95-95127617, 95-9448000300. Email: Pworldmyanmar@gmail.com

1.	Admin Officer	(Female/Male)	1 Post
2.	Export/Import Manager	(Female/Male)	1 Post
3.	Real Estate Operation Manager	(Female/Male)	1 Post
4.	Site Supervisor Engineer-For Construction Site	(Female/Male)	2 Posts
5.	Chief Accountant	(Female/Male)	2 Posts

အမှတ်စဉ်များအားလုံးအတွက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်နှင့်အထက်နှင့် သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အသီးသီးမှ ရရှိထားသည့်ပညာအရည်အချင်းများ တင်ပြနိုင်ရမှာဖြစ်ပြီး အခြေခံအင်္ဂလိပ်ဘာသာစကားနှင့် ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်၍ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။ အမှတ်စဉ်များအားလုံးအတွက် အရေအတွက်ဦးရေ ကန့်သတ်မထားပါ။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် CV-Form ဖုန်းနံပါတ်၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာတို့နှင့်အတူ ၅-၆-၂၀၁၃ ရက် နောက်ဆုံးထားပြီး လာရောက်လျှောက်ထားနိုင်ပါသည်။ အီးမေးဖြင့်လည်း ပေးပို့လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ အနော်ရထာလမ်းနှင့် ၃၉ လမ်းအထက်လမ်းထောင့်၊ တိုက်အမှတ် ၈၂၊ မြေညီထပ်(ထောင့်ခန်း)နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှလွင် (စဉ်-၅၇၇၃)၊ ဒေါ်လွင်မာ (စဉ်-၈၉၀၉)
တရားလွှတ်တော်ရှေ့နေများ
ဦးအောင်ကျော်ကျော်မြတ် (စဉ်-၂၇၀၀၉)၊ ဦးထွန်းထွန်းနိုင် (စဉ်-၃၅၃၄)၊
ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂)၊ ဒေါ်လှဲ့လှဲ့ဝင်း (စဉ်-၃၉၈၈၀)
အထက်တန်းရှေ့နေများ
အမှတ် ၅၅၊ ဒုတိယထပ်၊ အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

၂၁-၅-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ဒေါ်မာလာမော်၏ ကြေညာချက်နှင့်ပတ်သက်၍
ဒေါ်မာလာမော်နှင့် အများသိစေရန်ကြေညာခြင်း

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ မော်ရုံကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၃၀၊ ခေါင်ရှည်ကွင်း ဦးပိုင်အမှတ် ၁၄၊ ၁၃/က N-၂၊ N-၉ မှ ဧရိယာ ၁၅ ဒသမ ၀၀ ဧကမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးဘလှိုင် ပိုင်ဆိုင်ခြင်းမရှိဘဲ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ မော်ရုံကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၃၀၊ ခေါင်ရှည်ကွင်းရှိ ဥယျာဉ်ခြံမြေဦးပိုင်အမှတ် (၁၄/၁)မှ ဧရိယာ ၂ ဒသမ ၈၄ ဧကနှင့် ဦးပိုင်အမှတ် N-၉ မှ ဧရိယာ ၂ ဒသမ ၂၀ ဧက၊ စုစုပေါင်းဧရိယာ ၅ဒသမ ၀၄ ဧကသာ ကျွန်ုပ်၏မိတ်ဆွေ ဦးဘလှိုင် ပိုင်ဆိုင်ပြီး ၃-၅-၂၀၁၃ရက်မှစတင်၍ သံတွဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ညွှန်ကြားချက်အရ မြေစာရင်းဦးစီးဌာနမှ ဦးဘလှိုင်အမည်ဖြင့် မြေခွန်စည်းကြပ်ကောက်ခံနိုင်ရန်အတွက် အမည်ပြောင်းလဲပေးပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဘလှိုင်သည် ကျန်းမာရေးကောင်းပြီး ကောင်းမွန်သောသတိရှိစွာဖြင့် ယနေ့ထက်တိုင် သက်ရှိထင်ရှားရှိပါသည်။ အထက်ဖော်ပြပါမြေများနှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေ ဦးဘလှိုင်တစ်ဦးတည်းသာ သံတွဲမြို့နယ် မြေစာရင်းဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး ဦးဘလှိုင်မှ စွန့်လွှတ်လှူဒါန်းခြင်း၊ ရောင်းချပေါင်နှံခြင်း၊ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစသည်တို့ပြုလုပ်ခြင်းကို ဒေါ်မာလာမော်အနေဖြင့် ပိုင်ဆိုင်မှုတစ်စုံတစ်ရာမရှိ၍ ကန့်ကွက်ပိုင်ခွင့်မရှိကြောင်း ဒေါ်မာလာမော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဘလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နုနုယဉ် LL.B, D.B.L, D.M.L, D.I.L, D.A. Psy
အထက်တန်းရှေ့နေ (စဉ်-၂၃၅၇၃)
အမှတ် (၉/၁၁)၊ အခန်း (၂၀၃/ဗီ)၊ ဒုတိယထပ်၊ ၃၆ လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းအမှတ် သကမ-၇၊ ၁၄ ရပ်ကွက်၊ ချောင်းသာလမ်း၊ အမှတ် (၁၆၇/က)ဟုခေါ်တွင်သော အလျား×အနံ (၂၀×၆၀)ပေရှိ မြေကွက်ကို လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြုပြောဆိုသူ ဦးရွှေဖြူ ၁၂/လသယ(ယ)၀၄၁၉၇၅ထံမှ လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်ဦး ၉/ဝတန(နိုင်)၂၀၁၀၃၅၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလွင်ကိုကိုဦး LL.B
အထက်တန်းရှေ့နေ (စဉ်-၃၂၇၇၆)
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်၊ ဖုန်း-၀၉-၇၃၅၀၀၄၁၆

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း ၂ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ မြေကွက်အမှတ် ၃၁၅၇၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်မှာ ဦးသန်းဇော်ဦး ၉/ပမန(နိုင်)၁၃၄၁၇၄အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသောမြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးသန်းဇော်ဦး ၉/ပမန(နိုင်)၁၃၄၁၇၄က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ဌေး ၇/ရတန(နိုင်)၀၀၂၄၈၁
သစ်တပ်ကလေးရွာ၊ သက်နှင်းအင်းအုပ်စု၊ ဇေယျာသီရိမြို့နယ်

တရားမဝင်ကုန်ပစ္စည်းတင် ယာဉ်မောင်းများ ဝေါမြို့နယ်၌ ဖမ်းဆီးအရေးယူ

ဝေါ မေ ၃၀

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတားအဟောင်းအသစ် ဆုံရာ မဟာဗျူဟာလမ်းဆုံတွင် Mobile Team လရ-ညွှန်မှူးနှင့် ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် ည ၈နာရီခန့်က တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်များကို စစ်ဆေးလျက်ရှိရာ တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်များအား ရှောင်တခင်စစ်ဆေးရာ မှန်လုံယာဉ် ၁၈ စီးပေါ်တွင် တရားမဝင်ကုန်ပစ္စည်းများ စစ်ဆေးတွေ့ရှိပြီး ယင်းပစ္စည်းများ၏ ကာလတန်ဖိုးမှာ ငွေကျပ်သိန်းပေါင်း ၁၀၁၁၆၃၀၀ ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ယင်းဖြစ်စဉ်တွင် ယာဉ်အမှတ် ၆ခ/---ယာဉ်မောင်း အောင်နိုင်ထွေးကို လည်းကောင်း၊ ယာဉ်အမှတ် ၄ဂ/---ယာဉ်မောင်းဆန်းဝင်းညွှန့်ကို လည်းကောင်း၊ ယာဉ်အမှတ် ၁ငု/--- ယာဉ်မောင်း ငြိမ်းချမ်းကို လည်းကောင်း၊ ယာဉ်အမှတ်၅ဃ/--- ယာဉ်မောင်းထိန်လင်းကိုလည်းကောင်း၊ ယာဉ်အမှတ် န/--- ယာဉ်မောင်းသက်နေလင်းကိုလည်းကောင်း၊ ယာဉ်အမှတ် ၄ခ/--- ယာဉ်မောင်း ဝင်းဇော်ကိုလည်းကောင်း၊ ယာဉ်အမှတ် ၆ဃ/--- ယာဉ်မောင်း တင်ထွန်းကိုလည်းကောင်း၊ ယာဉ်အမှတ်၇ခ/---ယာဉ်မောင်း ဘိုထွန်းကို လည်းကောင်း၊ ယာဉ်အမှတ် ၁ငု/--- ယာဉ်မောင်း ကျော်သူကို လည်းကောင်း၊ ယာဉ်အမှတ် ၉ဂ/--- ယာဉ်မောင်း ရဲထွဋ်ကိုလည်းကောင်း၊ ယာဉ်အမှတ် ဒ/--- ယာဉ်မောင်း ကျော်နိုင်ကို လည်းကောင်း၊ ယာဉ်အမှတ် ၈ဂ/--- ယာဉ်မောင်း ကျော်စွာကိုလည်းကောင်း၊ ယာဉ်အမှတ် ၃ခ/---ယာဉ်မောင်းတင်ခိုင်ကိုလည်းကောင်း၊ ယာဉ်အမှတ် ၈ဆ/--- ယာဉ်မောင်း ဇော်ဝင်းကို လည်းကောင်း၊ ယာဉ်အမှတ် ၉ခ/--- ယာဉ်မောင်း နန္ဒကိုအားလည်းကောင်း၊ ယာဉ်အမှတ် ၈ဈ/--- ယာဉ်မောင်း အောင်ကျော်ဦးကိုလည်းကောင်း၊ ယာဉ်အမှတ် ၉ခ/--- ယာဉ်မောင်း ဇော်အောင်ကိုလည်းကောင်း၊ ယာဉ်အမှတ် ၅ခ/ --- ယာဉ်မောင်းကိုမျိုးကို လည်းကောင်း အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ဘုန်းသော်(ဝေါ)**

မိုးညှင်း၌ ပုလဲသွယ်မျိုးစေ့နှင့် လယ်ယာသုံးလက်တွန်းထွန်စက်အခမဲ့ ထောက်ပံ့

မိုးညှင်း မေ ၃၀

၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါး အထူးအထွက်တိုး ပုလဲသွယ်မျိုးစေ့နှင့်လက်တွန်းထွန်စက်ပေးအပ်ခြင်းနှင့် ၂၀၁၂-၂၀၁၃ခုနှစ် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းကုန်းကျေးရွာအုပ်စု ပေါင်းစုလယ်ယာတွင် တောင်သူရှစ်ဦး စိုက်ပျိုးထားသော နွေစပါးပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးစံကွက်ရိတ်သိမ်းပွဲကို မေ ၂၆ ရက်က ကျင်းပသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က လူဦးရေတိုးနေသည်နှင့် အမျှ အထွက်တိုးစပါး ပိုမိုစိုက်ပျိုးနိုင်ရေး ပြည်နယ်စိုက်ပျိုးရေး ဒုတိယ ပြည်နယ်ဦးစီးမှူး ဦးဆင်ဝါးဘောက်က ပုလဲသွယ်စပ်မျိုးစပါးနှင့် စိုက်ပျိုးရေးဆိုင်ရာများကိုဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ကချင်ပြည်နယ်မှ အခမဲ့ပေးပို့သော ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါး အထူးအထွက်တိုးပုလဲသွယ်မျိုးစေ့ လယ်ယာဧက ၂၀ အတွက် (အဖို+အမ)ကိုလည်းကောင်း၊ ကချင်ပြည်နယ်အစိုးရမှအခမဲ့ပေးပို့သော အိန္ဒိယနိုင်ငံလုပ် GREAVES အမျိုးအစား လက်တွန်းထွန်စက် တစ်စီးကိုလည်းကောင်း တာဝန်ရှိသူတို့က အင်းကုန်းကျေးရွာအုပ်စု ပေါင်းစုလယ်ယာတောင်သူများအတွက်ပေးအပ်ခဲ့သည်။

အင်းကုန်းကျေးရွာအုပ်စုတောင်သူရှစ်ဦး ၁၀ ဧက စိုက်ပျိုးထားသော နွေစပါး ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါး စံပြကွက်ကိုရိတ်သိမ်းရာတွင် တစ်ဧက ၁၂၅တင်းနှုန်းထွက်ရှိကြောင်းသိရသည်။**(အပေါ်ပုံ)(ဝ၆၃)**

အရက်မူးပြီး ရထားသံလမ်းပေါ် အိပ်နေသူ ရထားကြိတ်ခံရ၍ သေဆုံး

မြောင် မေ ၃၀

မေ ၂၄ ရက် ည ၁၁နာရီက မကျီးဘုတ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်နွယ်၏ သတင်းပေးချက်အရ မြောင်မြို့နယ် ကျောက်ရစ် ရဲကင်း ရဲစခန်းမှူးက သွားရောက်စစ်ဆေးရာ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မကျီးဘုတ်ဘူတာအကြား မိုင်တိုင်အမှတ် ၄၅၅/၁၂ တွင် အရက်မူး၍ ရထားသံလမ်းကြား၌ အိပ်နေသောမြင့်ဆွေ(၃၈နှစ်)အား ပခုက္ကူ- မန္တလေး ၁၃၆အစုန်လူစီး အမြန်ရထားကြိတ်မိ၍ လည်ပင်းပြတ်၊ ညာခြေကျင်းဝတ်ပြတ်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် မြင့်ဆွေသေဆုံးရခြင်းမှာ ဓမ္မတာအတိုင်း သေဆုံးရခြင်းဟုတ်မဟုတ် အရေးယူနိုင်ရန်အတွက် မြောင်ရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုကိုနိုင်(မြင်းမူ)**

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ် ၁၀၃

ဒေါ်နွဲ့နွဲ့မူ **နှင့်** ဦးသန်းလွင်ဦး
လျှောက်သူ အလျှောက်ခံရသူ

တိုက် ၁၁၊ အခန်း ၁၅၊ ပြည်ရိပ်မွန်အိမ်ရာ၊ (၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ် (ယခုနေရပ်လိပ်စာမသိ)နေ ဦးသန်းလွင်ဦး သိစေရမည်။

အထက်အမည်ပါ ဒေါ်နွဲ့နွဲ့မူက ဤရုံးသို့ ဇာရီမှုတွင် တရားနိုင်အား ဒီကရီကျငွေနှင့် တရားစရိတ်ငွေများ ပြေကျေအောင် ပေးဆပ်ခြင်းမရှိသဖြင့် တရားရုံးအား တရားမထောင်ချမှတ်ပေးစေလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၃ ခုနှစ် ဇွန် ၁၃ ရက် (၁၃၇၅ ခုနှစ် နယုန်လဆန်း ၅ရက်) နံနက် ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် မေ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အမည်ဖြည့်စွက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးမောင်နိုင်၏သား မောင်အောင်မွန် ၆/ဘပန(နိုင်)၀၃၅၇၃၇ အား ယနေ့မှစ၍ မောင်အောင်မွန်(ခ)မင်းအောင်မွန်ဟု ဖြည့်စွက်ခေါ်ပါရန်။ **အောင်မွန်(ခ)မင်းအောင်မွန်**

ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၅-၂၀၁၃ရက် ဤသတင်းစာစာမျက်နှာကြော်ငြာ(က)၌ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဦးတင်ဝင်း(ဘ)ဦးဘူတာအစား ဦးတင်မြင့်(ဘ)ဦးဘူတာဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါသည်

